မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၉၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ အင်္ဂါနေ့။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးဆုံးကတော့ အခုလက်ရှိဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကတစ်ဆင့် သေချာရေရာတဲ့ အနာဂတ်ဖြစ်အောင် တည်ဆောက်ရေးပဲဖြစ်။ လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ ကျွန်တော်တို့ရဲ့ တူညီတဲ့ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာဖြစ်။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် အရေးကြီးဆုံး လိုအပ်ချက် အစိုးရနဲ့ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုကို ကျွန်တော်တို့ ပြန်လည်တည်ဆောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ
မိဘပြည်သူများသို့
နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်
ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့်
နှစ်သစ်ကူးမိန့်ခွန်း
(၁-၁-၂၀၁၃)**

မိဘပြည်သူများခင်ဗျား-

ယခုလိုနှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူတစ်ရပ်လုံး ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းများနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ အခုလို ကျွန်တော့်အနေနဲ့ မိဘပြည်သူတို့ကို ရေဒီယိုကနေတစ်ဆင့်တိုက်ရိုက်စကားပြောဆိုခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

ဒီလိုရေဒီယိုကနေတစ်ဆင့် ပြည်သူလူထုကြီးကို တိုက်ရိုက်ဆက်သွယ်ပြောကြားရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ လိုအပ်နေတဲ့ ကွက်လပ်တစ်ခုဖြစ်တဲ့ အစိုးရနဲ့ ပြည်သူအကြား တိုက်ရိုက်ဆက်ဆံရေးလမ်းကြောင်းသစ်တစ်ခုကို အစပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင်မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် အရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်တဲ့ အစိုးရနဲ့ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုကို ကျွန်တော်တို့ ပြန်လည်တည်ဆောက်သွားဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသစ် တက်ရောက်လာတဲ့ အချိန်ကစတင်ပြီး ပြည်သူလူထုနဲ့ အစိုးရအကြား အပြန်အလှန်ဆက်သွယ်မှုကို ပိုမိုကောင်းမွန်လာစေဖို့ ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ရေးလမ်းကြောင်းများ ပေါ်ပေါက်လာစေဖို့ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အခါအခွင့်သင့်တိုင်း ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ အစိုးရရဲ့ မူဝါဒများ၊ လုပ်ဆောင်ချက်များကို မီဒီယာများကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သတင်းအချက်အလက် ပွင့်လင်းမြင်သာမှုအတွက်လည်း ကျွန်တော်အပါအဝင် ကျွန်တော်တို့အစိုးရအဖွဲ့ဝင် ဝန်ကြီးများအနေဖြင့်လည်း သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ကျင်းပပြီး ပြည်သူလူထုထံသို့ သတင်းအချက်အလက်များ စီးဆင်းစေခဲ့ပါတယ်။ အခုလို မီဒီယာမျိုးစုံနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကာလမှာ ရေဒီယိုကိုအသုံးပြုတဲ့ ဆက်သွယ်ရေးနည်းလမ်းဟာ ထိရောက်မှုရှိနေသေးတဲ့အပြင် လက်ရှိ မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့လည်းကိုက်ညီမှုရှိပြီး တစ်နိုင်ငံလုံးက ပြည်သူအများစု အားထားရတဲ့ သတင်းဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့အတွက် ရေဒီယိုမိန့်ခွန်းများ စတင်ပြောကြားရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ယခင်နှစ်အတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များက ဖော်ဆောင်ပေးနိုင်ခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုများကြောင့် ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်စပြုခဲ့ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ မိဘပြည်သူများနဲ့ ကျွန်တော်တို့အစိုးရ အထူးသတိပြုရမယ့်ကိစ္စရပ်ကတော့ ပြည်သူတို့ရဲ့ လိုအပ်ချက်တွေနဲ့ အစိုးရယန္တရားရဲ့ ဖြည့်ဆည်းနိုင်စွမ်းအကြားမှာရှိတဲ့ ကွာဟမှုပဲဖြစ်ပါတယ်။ ဒီကွာဟမှုကို နည်းနိုင်သမျှနည်းအောင် ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးစားရမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ယုံကြည်ထားပါတယ်။

ပွင့်လင်းလွတ်လပ်မှုများမရှိခဲ့ဘဲ အထီးကျန်ဆန်ခဲ့ရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ပြုပြင်စရာ၊

စာမျက်နှာ ၃ ကော်လံ ၁ ▲

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားဖော်ဆောင်မည့် လုပ်ငန်းအစီအမံများဖော်ဆောင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုထိရောက်ကောင်းမွန်သော စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၃/ ၂၀၁၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၂)ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒုတိယသမ္မတများက ဦးဆောင် စိစစ်တင်ပြလာသည့် ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အရအသုံးငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည်များ အကြံပြု ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ ဤအစည်းအဝေးကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိရာတွင် ပြည်ထောင်စုအစိုးရနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နှစ်သစ်၊ စိတ်သစ်၊ အကြံသစ်

ဤသတ္တလောကကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော လူအပေါင်းတို့သည် မွေးဖွားသည်မှစ၍ ရက်၊ လ၊ နှစ်ဟူသော ကာလအပိုင်းအခြားတို့အတွင်း ကျော်ဖြတ်နေကြပေသည်။ ရက်ကိုလစား၊ လကိုနှစ်စား၍ တစ်နှစ်တစ်နှစ်ကုန်လွန်ခဲ့ပေသည်။ ယခုတစ်ဖန်လည်း ၂၀၁၂ခုနှစ်တည်းဟူသော ကာလအပိုင်းအခြားတစ်ခုသည် ကုန်လွန်ခဲ့လေပြီ။ ယနေ့မှစ၍ ၂၀၁၃ခုနှစ်တည်းဟူသော နှစ်သစ်ကာလအပိုင်းအခြား တစ်ခုအတွင်း စတင်ဖြတ်သန်းနေကြလေပြီ။ တစ်နည်းအားဖြင့် နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးသဖြင့် နှစ်သစ်သို့ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်၍ ကျွန်ုပ်တို့သည် ဘဝသက်တမ်း၌ ခရီးတစ်ထောက်လွန်ခဲ့ပြီး နောက်ထပ်ခရီး စတင်ထွက်ခွာနေပြီ။

လွန်ခဲ့သော နှစ်ဟောင်း၌ မည်သူမဆို ကိုယ်စီကိုယ်စီ အသီးသီးအားဖြင့် မိမိတို့ဆိုင်ရာ ဝမ်းမြောက်ဖွယ်ရာများ၊ စိတ်ပျက်ဖွယ်ရာများ၊ လွမ်းဆွေးဖွယ်ရာများ၊ ပူပင်သောကရောက်ဖွယ်ရာများစသဖြင့် ဆိုးကောင်းနှစ်ရပ်တို့ကို အနည်းအများအားဖြင့်သော်လည်းကောင်း၊ အချို့အဆိုးချည်းသော်လည်းကောင်း၊ အချို့အကောင်းချည်းသော်လည်းကောင်း၊ ကိုယ်စီကိုယ်င တွေ့ခဲ့ကြရပေလိမ့်မည်။

သို့သော်လည်း သွားလေပြီးသော နှစ်ဟောင်းသည်ကား လွန်မြောက်ခဲ့လေပြီ။ ကျွန်ုပ်တို့သည် ထိုနှစ်ဟောင်းကို ပြန်ရောက်ကြတော့မည်မဟုတ်။ ထိုနှစ်ဟောင်းနှင့်မည်သည့်အခါမျှ ပြန်လည်ဆုံစည်းခြင်းသည်ကား အဆုံးသတ်သွားပြီဖြစ်သကဲ့သို့ ထိုနှစ်ဟောင်းအတွင်း ကြုံတွေ့ခဲ့ရသော ကောင်းကျိုး၊ ဆိုးကျိုးတို့သည်လည်း ထိုနှစ်နှင့်အတူကျော်လွန်ကုန်ဆုံးသွားကြလေပြီဖြစ်၍ မည်သည့်အခါမျှ ပြန်တွေ့နိုင်ကြတော့မည်မဟုတ်ပေ။ ပြီးခဲ့သော အရာများသည် ပြီးခဲ့ပြီဖြစ်သည်။ ထိုအရာတို့အပေါ် ပြန်လည်တွေးတော၍ ဝမ်းနည်းပူဆွေးခြင်း၊ သောကဗျာပါဒဖြစ်ခြင်းတို့ဖြင့် စိတ်ကိုညစ်နွမ်းအောင် မပြုအပ်ပေ။ ကျွန်ုပ်တို့ရှေ့မှောက်သို့ ရောက်လာသော နှစ်သစ်ကိုသာလျှင် စိတ်သစ်၊ အကြံသစ်တို့ဖြင့် လုပ်ဆောင်ဖွယ်ရာအမှုကိစ္စများ ရွက်ဆောင်အပ်ပေသည်။

လူတို့သည် ဓမ္မတာအားဖြင့် အတိတ်ကာလ၌ မနေရ၊ ပစ္စုပ္ပန်ကာလ၌သာနေ၍ အနာဂတ်ကာလကို မျှော်ကြရသည်ဖြစ်သဖြင့် တစ်နှစ်တစ်နှစ် အသစ်အသစ်ရောက်လာသော ပစ္စုပ္ပန်ကိုသာ တည့်တည့်ရှုကြရမည်ဖြစ်သည်။ ထို့ကြောင့် အတိတ်ကဖြစ်ပျက်ခဲ့သမျှအရာများစွန့်လွှတ်၍ ယခုနှစ်၌ ငါသည် မည်သို့ကောင်းအောင်ပြုမည်၊ မည်သို့ကြိုးစားအားထုတ်မည်၊ မည်သို့ကျင့်ကြံနေထိုင်မည်ဟူသော အဓိဋ္ဌာန်ဖြင့် ကောင်းသောစိတ်၊ မလျှော့သောစိတ်တို့မွေးမြူကာ ဘဝခရီး တိုးတက်အောင်မြင်စေရန် ကြိုးစားအားထုတ်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း၌ လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃၁

မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မိုင်တိုင်

အမှတ်(၂/၄)နှင့် (၂/၅)ကြားတွင် တံတားအထူးအဖွဲ့(၃)က ငါးဖယ်အင်းတံတားတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၇/၀)နှင့် (၈/၀)ကြားတွင် နေပြည်တော်ခရိုင်က စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၀/၁)နှင့် (၁၀/၂) အကြားတွင် လမ်းအထူးအဖွဲ့ (၁၃)က စက်ယန္တရားများဖြင့် လမ်းအူကြောင်းဖြောင့်၍ မြေကြီးတာပေါင်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လမ်းစခန်းရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီနယ်မြေ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း (၂၂)မိုင်၏ လုပ်ငန်းစီမံချက်များကို ပီပီပြင်ပြင်ဆောင်ရွက်ထားရန်၊ မြေကြီးလုပ်ငန်း ဆောင်ရွက်ပြီးမှ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်သွားရန်၊ ဆောင်ရွက်ရမည့် အပိုင်းများကို စီမံချက်ရေးဆွဲ၍ ပွင့်လင်းရာသီတွင် လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန်၊ တံတားများနှင့် Box Culvert များကို လမ်းနှင့်အတူ တစ်ပြိုင်နက်တည်း ပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီများအပိုင်းကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါလမ်းတစ်လျှောက် လမ်းအခြေအနေများ၊ မိုင်တိုင်အမှတ် (၁၈/၅) နှင့် (၁၈/၆)အကြားတွင် လမ်းအထူးအဖွဲ့(၅)က ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ (H6-V4)လမ်းပေါ်ရှိ အရှည်ပေ ၄၂၀ ရုံးပင်ချောင်းတံတား (ဒုတိယနှစ်လမ်းသွား) တည်ဆောက်နေမှုနှင့် လယ်ဝေး-စမ်းစုလမ်းပေါ်ရှိ အရှည်ပေ ၂၄၀ ပလွေးချောင်းတံတား (ရှမ်းစု)တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် – မြစ်ကြီးနား မှန်လုံကားခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ပြုပြင်ရန်လိုအပ်

ထင်သာမြင်သာပြုပြင်စရာ

မြစ်ကြီးနား ဒီဇင်ဘာ ၃၁

ရန်ကုန်-မြစ်ကြီးနား မှန်လုံကားခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများသည် ခရီးသွား ရပဟန်း၊ ရှင်လူပြည်သူများလိုရာခရီးသို့ သွားလာနိုင်ရေးအတွက် ရန်ကုန်-မြစ်ကြီးနားခရီးစဉ်ကို နေ့စဉ် ညနေ ၅ နာရီတွင် အောင်မင်္ဂလာအဝေးပြေး ကားဂိတ်မှ ထွက်ခွာပို့ဆောင်ကြသည်။

ထိုသို့ ပို့ဆောင်ရာတွင် သက်ဆိုင်ရာ ယာဉ်လိုင်းအသီးသီးသည် ယာဉ်စီးနင်းခွင့်လက်မှတ်များကို ထိုင်ခုံနေရာပြည့်သည့်တိုင်အောင် အလယ်ခုံလက်မှတ်များ များပြားစွာရောင်းချနေသည်။ ၎င်းအလယ်ခုံနေရာသည် အချို့သောကားများ၌ နောက်မှီမပါ ပလတ်စတစ်ခုံများဖြစ်ခြင်းကြောင့် လိုက်ပါစီးနင်းသူများမှာ သက်သောင့်သက်သာမစီးနင်းရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းများ တွေ့ရှိရသည်။

ထို့အပြင် ခရီးစဉ်တစ်လျှောက် ယာဉ်များကတ္တားချိန်ရာတွင် ယာဉ်အတွင်း စီးနင်းလိုက်ပါလာသော ခရီးသည်အချို့အား သုံးဘီးဆိုင်ကယ်၊ TOWN- ACE ကားလေးများဖြင့် ခေတ္တလွှဲပြောင်းစီးစေ၍ ယာဉ်ကိုကတ္တားချိန်ပြီးမှသာ ပြန်လည်တက်ရောက်စီးနင်းခရီးထွက်ခွာမှုများလည်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ယင်းဖြစ်စဉ်များကို မဖြစ်ပွားစေရေးနှင့် ခရီးသွားများ စိတ်ချမ်းမြေ့စွာ လိုရာခရီးသို့ သွားလာရာတွင် စိတ်အနှောင့်အယှက်များ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်း ကြီးကြပ်သူများ ကြီးကြပ်ပြုပြင်ရန် လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။ **(မမလေး)**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ဒုတိယအကြိမ် ဓမ္မပူဇာသဘင်ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်ကောင်စီနယ်မြေဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိမြတ်ပါရမီ လူမှုကူညီရေးအသင်းက ကြီးမှူး၍ အလှူရှင်များဖြစ်သော ခုနစ်ရက်သားသမီးများက စုပေါင်းကာ ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ရက်မှ ၁၈ရက်ထိ သုခသိဒ္ဓိရပ်ကွက် သဗ္ဗမင်္ဂလာသိဒ္ဓိဆုတောင်းပြည့် စေတီတော် မျက်နှာစာရှေ့၌ ညစဉ် ၇ နာရီမှစပြီး ဓမ္မရေအရှင်ကုမာရ၊ ဝိနယဝိဒူ သာသနတက္ကသိုလ မဟာဓမ္မာစရိယ B.A (Hons;)M.A(Buddhism), Ph.D (Thesis) ကထိက ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ် မန္တလေးအသျှင်အဘိဇာတာဘိဝံသ၊ ၄၄ဘွဲ့ရ ဒွါဒသမ တိပိဋကဓရ ပါဠိပါရဂူမုံရွာမြို့ သဒ္ဓမ္မဇောတိက သုဗောဓာရုံကျောင်းတိုက် နာယကဆရာတော်နှင့် ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံ ပါမောက္ခချုပ် စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်သည်။ **မောင်မောင်သန်း(ကော့မှူး)**

တာအုပ်စာပေ
လူ့မိတ်ဆွေ

မင်္ဂလာနှစ်သစ်ဆုတောင်း

Mobile King မှ အစဉ်တစိုက်ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအားလုံး နှစ်သစ်မှ စ၍ နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် မင်္ဂလာအပေါင်းနှင့် ခညောင်း၍ ကိုယ်ရောစိတ်ပါ ကျန်းမာ၊ ချမ်းသာကာ စီးပွားဉစ္စာများ တိုးပွားပြီး ပျော်ရွှင်ကြည်နူး ချမ်းမြေ့ကြပါစေလို့ Mobile King မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

MD နှင့် ဝန်ထမ်းများ
Mobile King Trading Co., Ltd.

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ပြောင်းလဲစရာတွေနဲ့ ပြည့်နှက်နေတာကို ကျွန်တော်တို့အားလုံး သိရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလိုပြုပြင်ပြောင်းလဲရေးကာလမှာ အကောင်းဆုံးအခြေအနေကို မျှော်လင့်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ အကောင်းဆုံးကိုမျှော်လင့်တာဟာ သဘာဝကျတဲ့ ကိစ္စဖြစ်ပါတယ်။ မျှော်လင့်ချက်တွေအတွက် ဆန္ဒဖော်ထုတ်တောင်းဆိုပိုင်ခွင့်လည်းရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးဆုံးကတော့ အခုလက်ရှိဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကတစ်ဆင့် သေချာရေရာတဲ့ အနာဂတ်ဖြစ်အောင် တည်ဆောက်ရေးပဲဖြစ်ပါတယ်။ လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ ကျွန်တော်တို့ရဲ့ တူညီတဲ့ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ အနာဂတ်မှာကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ လက်တွေ့ကျမှုကို အခြေခံပြီး အပြုသဘောဆောင်တဲ့ ရှုမြင်မှုမျိုး၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်တဲ့ နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက်သည့် အမြင်မျိုးဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယခင် ၂၀၁၂ခုနှစ်အတွင်း ကမ္ဘာကပင် အံ့သြစရာကောင်းလောက်အောင် နိုင်ငံရေးဖြစ်ထွန်းမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ နေ့စဉ် လူမှုစီးပွားဘဝကို မြှင့်တင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးစနစ်တစ်ခုကို ကျွန်တော်တို့အတူ အုတ်မြစ်ချနိုင်ခဲ့ပြီလို့လည်းဆိုနိုင်ပါတယ်။ လာမယ့်နှစ်တွေမှာ အထွေထွေပြုပြင်ပြောင်းလဲမှုများရဲ့ အသီးအပွင့်တွေကို ပြည်သူတစ်ဦးချင်းစီ လက်တွေ့ခံစားခွင့်ရစေဖို့ "စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်"နဲ့ စီမံကိန်းများ ချမှတ်ပြီးဆောင်ရွက်နေပါတယ်။ ရှေ့ဆက်ဆောင်ရွက်မယ့် ကိစ္စရပ်များနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ပြည်သူလူထုကြီးထံကို စဉ်ဆက်မပြတ် ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။

မကြာမီကျရောက်တော့မယ့် လွတ်လပ်ရေးနေ့နဲ့ဆက်စပ်ပြီး ကျွန်တော်တွေးမိတဲ့အကြောင်းအရာတစ်ခုကို ပြည်သူလူထုကြီးကို မျှဝေလိုပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူခဲ့စဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်နိုင်မယ်ဆိုပါလျှင် ယခုကြုံတွေ့နေရတဲ့ အပြောင်းအလဲတွေနဲ့ စိန်ခေါ်မှုတွေကို မလွဲမသွေကျော်လွှားနိုင်မယ်ဆိုတဲ့ အတွေးပဲဖြစ်ပါတယ်။ ပြည်သူလူထုအများစုအနေနဲ့လည်း ကျွန်တော်နဲ့ တစ်သဘောတည်းရှိနေမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်တို့နဲ့အတူ လက်တွဲဆောင်ရွက်ဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

ဘုရားတောင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာအုပ်စု ဘုရားတောင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က အဆိုပါကျေးရွာ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေးတို့က ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဆိုလာစနစ်ဖြင့်ကျေးရွာလုံးကျွတ်မီးလင်းရေး လျှပ်စစ်ခလုတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ လျှပ်စစ်ခလုတ်အား စတင်ပို့လွှတ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားမှုများနှင့်ကျေးရွာအတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲနေသော နေအိမ်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဘုရားတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ဆိုလာစနစ်ဖြင့်ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးသည့် သမဝါယမဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ CK-2 Solar Energy ကုမ္ပဏီဥက္ကဋ္ဌ Mr. Cho Chum, Rae နှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးထားမှုကို တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများက သားစဉ်မြေးဆက်အထိ ရေရှည်တည်တံ့ ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ဘုရားတောင်ကျေးရွာ၌ ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိရေးကို CK-2 Solar Energy ကုမ္ပဏီမှ ကိုရီးယားနိုင်ငံထုတ် အရည်အသွေးမြင့်မားပြီး အာမခံသက်တမ်းပြည့်ဝစွာပေးထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့်ဆက်စပ်ပစ္စည်းများကို တပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။

'လူမှုဘဝမြှင့်တင်ဖို့ နေရောင်ခြည်စွမ်းအင်ကိုသုံးကြစို့' ဆောင်ပုဒ်နှင့်အညီ ဘုရားတောင်ကျေးရွာ၌ အိမ်ခြေ ၂၈၂ အိမ်နှင့် လမ်းမီးတိုင် ၇၆ တိုင်အပြင် ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ သိမ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် စာကြည့်တိုက်တို့ကို ဆိုလာစနစ်ဖြင့် 250W/220 Wဆိုလာပြား ၁၁ ချပ်၊ 250 Ah/100 Ah 12V ဘက်ထရီအိုး ၂၂ လုံးနှင့်ဆက်စပ်ပစ္စည်းတို့ဖြင့် လျှပ်စစ်မီးလင်းရေးအတွက် စုစုပေါင်းငွေကျပ် သိန်း ၃၉၀ ကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်းနှင့် ကျေးရွာတွင် မီးပေးချိန်ကို ညနေ ၆ နာရီမှ ည ၁၀ နာရီအထိနှင့် နံနက် ၄ နာရီခွဲမှ နံနက် ၅ နာရီခွဲအထိ စုစုပေါင်း မီးပေးချိန် ငါးနာရီ သတ်မှတ်ပြီး လျှပ်စစ်မီးအသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တော သစ်ပင် နို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးခေါ်လျှင် + (၁)ဦး အခမဲ့

. တောင်ကြီး အင်းလေး	Jan 3,18/ Feb 8,9	(175,000)
. ပုဂံ(ရွှေစည်းခုံ) ပုပ္ပါး ပုဂံ	Jan 3,18/ Feb 8,9	(160,000)
. ပုဂံ+မန္တလေးမြင်းခြံကျွင်	Jan 3,18/ Feb 8	(175,000)
. မန္တလေး+တောင်ကြီး	Jan 3,18/ Feb 8	(219,000)
. မန္တလေးမုံရွာမြင်းခြံ	Jan 3,18/ Feb 9	(175,000)
. ချောင်းသာ Hotel Max (2 Nights)	Daily	(70,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး		(12,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက် တွင်ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘရူနို ရိုဒရီဂွဲဇ်ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်(၆၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၂၂) ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်း၊ အဆုံးအဖြတ်ရယူခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးအကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
-	ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ
၇း၅၀	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	မြန်မာပြည်သားများအတွက် ထင်ရှားကျော်ကြားသူများရဲ့ နှစ်သစ်မင်္ဂလာဆုတောင်း
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၂၀	**ဖွားချစ်က တားမြစ်ထားသည်**
၄း၅၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၂၅	**မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းကောင်းများ**
၅း၅၀	**(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
၆း၀၀	ညနေခင်းသတင်း
၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ ချစ်သမီး** (ဒုတိယတွဲ) (အပိုင်း-၁၀)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ
၁၀း၀၀	ပြည်တွင်းသတင်း -အိန္ဒိယရုပ်ရှင် **ဘဝထဲက အိပ်မက်** (အပိုင်း-၂)

သီတဂူရွှေပြည်ဟိန်းဆေးရုံ(ရန်ကုန်) ၂၁-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်၊

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဇောတိက ဦးခင်ညွန့် + Dr. ဒေါ်ခင်ဝင်းမွေ့ တို့ ဦးစီးသော ရွှေမော်ဝန်းစေတနာရှင်း၏ ပံ့ပိုးမှုတို့ဖြင့် မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung နှင့် Dr.Tin Tin Lin, Dr. Yi Yi Aung, Dr.Thaung Thaung Saing, Dr. Khin Ohmar Khine, Dr. Khin Ohn Myint, Dr. Khine Myat Su, Dr. Kyaw Min Lwin , Dr. Thein Than Htike , Dr. Aung Cho Htwe, Dr. Hla Kaythi , Dr. Hla Myat Nwe, Dr. Zin Mar Myint, Dr. Theingyi Win အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်း ဆေးရုံ၌ ဒီဇင်ဘာ (၂၉) ရက် (၁၉)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၁၂၂၀) ဦး တို့အား စစ်ဆေးကုသခြင်း နှင့် (၂၂၃၀) ဦး အား ခွဲစိတ်ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်၊ ဇန်နဝါရီလ (၁၉၊ ၂၀) ရက်များတွင် (ဦးရေ ၂၃၈၀ ပြည့်)(၂၀) ကြိမ်မြောက် အလင်းဒါန ပေးလှူမည်ဖြစ်ကြောင်း၊ သတင်းကောင်းပါးအပ်ပါသည်၊

နိုင်ငံတကာသတင်း

တရုတ်ငါးဖမ်းစက်လှေ ဂျပန်ကမ်းခြေစောင့်ဖမ်းဆီး

တိုကျို ဒီဇင်ဘာ ၃၁

တရုတ်ငါးဖမ်းစက်လှေတစ်စင်းကို ဂျပန်ကမ်းခြေစောင့်တပ်က ယင်းတို့၏ ရေပိုင်နက်အတွင်း ဝင်ရောက်ငါးဖမ်းသည်ဟုဆိုကာ ဖမ်းဆီးလိုက်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ စက်လှေကို ဒီဇင်ဘာ ၂၉ ရက်က ဂျပန်ကိုဂိုရှီးမားစီရင်စုအနီး၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ဖူကူအိုကာရှိ တရုတ်ကောင်စစ်ဝန်ရုံး၏ ပြောကြားချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းအေဂျင်စီက သတင်းဖော်ပြသည်။ ၎င်းစက်လှေကပ္ပတိန်က ဂျပန်ရေပိုင်နက်အတွင်း ဝင်ရောက်မိကြောင်း ဝန်ခံပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ပါကစ္စတန်၌ ဗုံးခွဲမှု ရှီးယိုက် ၁၉ ဦးသေဆုံး

ဘလူချီစတန် ဒီဇင်ဘာ ၃၁

ပါကစ္စတန် အနောက်တောင်ပိုင်း၌ ဘတ်စ်ကားယာဉ်တန်းတစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးရှီးယိုက်မူဆလင်ဘုရားဖူးခရီးသွား ၁၉ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ပိုမိုဆိုးရွားလာ

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဘလူချီစတန်ပြည်နယ် မာစတွန်းခရိုင်၌ ဒီဇင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့ရာ လူ ၂၀ ကျော်လည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ပါကစ္စတန်နိုင်ငံအတွင်း မကြာသေးမီနှစ်များက အစွန်းရောက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပိုမိုဆိုးရွားလာခဲ့သည်။ ပြီးခဲ့သည့်လက ရဝါပင်ဒီမြို့၌ ရှီးယိုက် ၂၃ဦး ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။

ဒီဇင်ဘာ ၃၀ ရက်က ဖြစ်ပွားသောဗုံးခွဲတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့တိုက်ခိုက်ခဲ့သည်ကို မသိရသေးဟုဆိုသည်။ ၎င်းဘတ်စ်ကားယာဉ်တန်းသည် အီရန်နယ်စပ်အနီး ရှီးယိုက်လူမျိုးစုတို့ နေထိုင်ရာဒေသသို့ ဘုရားဖူးထွက်ခွာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ဂျော်ဒန်နယ်မှဝင်လာသောအစွရေးလုပ်လက်နက်များ ဆီးရီးယားတပ်များက အကြမ်းသမားဖက်များထံမှဖမ်းဆီးမိ

ဒမတ်စကတ် ဒီဇင်ဘာ ၃၁

ဆီးရီးယားနိုင်ငံတွင် ပြည်ပကျောထောက်နောက်ခံပြုသော စစ်သွေးကြွအချို့ကို ပစ်ခတ်ပြီး ဂျော်ဒန်မှ နယ်စပ်ကို ဖြတ်ကျော်ကာ ဝင်ရောက်လာသော အကြမ်းဖက်သမားများထံမှ အစွရေးလုပ်လက်နက်ဆန်းများ ဖမ်းဆီးလိုက်ကြောင်း ဆီးရီးယားစစ်တပ်က ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ **(အောက်ပုံ)**

ဆီးရီးယားတပ်များက ဒီဇင်ဘာ ၃၀ ရက်တွင် အစ်ဒလစ်နှင့် ဟာမာမြို့ အနောက်ပိုင်းဒေသများ၌ စစ်သွေးကြွများအား တိုက်ခိုက်ခဲ့ကြောင်း၊ စစ်သွေးကြွအများအပြားသေဆုံးခဲ့ကြောင်း ဆီးရီးယားသတင်းဌာနဆာနာက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ ဝှက်ထားသော လက်နက်နှင့် ခဲယမ်းမီးကျောက်အမြောက်အမြားကိုပါ သိမ်းဆည်းရမိလိုက်သည်ဟု ဆိုသည်။ ထို့အပြင် အစိုးရတပ်များက ပြည်တွင်းလုပ်ဗုံးပစ်လောင်ချာလေးခုကိုလည်း ဖျက်ဆီးနိုင်ခဲ့သည်ဟုဆိုသည်။

ဒီဇင်ဘာ ၃၀ရက်က ဆီးရီးယားလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့သည် ဂျော်ဒန်မှ ဆီးရီးယားနိုင်ငံအတွင်းဝင်ရောက်ရန် ကြိုးစားနေသော အကြမ်းဖက်သမားများအား ဒါရာအရပ်ဒေသအယ်လ်မာတစ် ကျေးရွာအနီး၌ ချုံခိုတိုက်ခိုက်ပြီး အစွရေးလုပ်လက်နက်ဆန်းများကို သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

အိန္ဒိယအရှေ့ပိုင်းတွင် ဆင်အုပ်တစ်အုပ် ရထားတိုက်ခံရ

ဘူတန်နက်စ်ဝါး ဒီဇင်ဘာ ၃၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ခရီးသည်တင်ရထားတစ်စင်းက ရထားလမ်းကို ဖြတ်သန်းနေသည့် ဆင်အုပ်တစ်အုပ်ကို ဝင်တိုက်မိမှုကြောင့် ဆင်ငါးကောင် သေဆုံးသွားခဲ့ကြောင်း ဒီဇင်ဘာ ၃၁ ရက် အေပီသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)**

ဝင်တိုက်မိ

ဖြစ်ပွားမှုမှာ အိန္ဒိယအရှေ့ပိုင်း ဩရိသပြည်နယ် ဘူတန်နက်စ်ဝါးမြို့တော်တောင်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ ရန်ဘာသစ်တောဇရိယာအတွင်း ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ယင်းခရီးသည်တင်ရထားက ဆင်များကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း မီးရထားလမ်းဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အာရ်အင်န်မိုဟာပါထရာက ပြောကြားသည်။

စွပ်စွဲပြောကြား

အဆိုပါ သစ်တောဇရိယာအတွင်း လှုပ်ရှားသွားလာနေသည့် ဆင်အုပ်တစ်အုပ်ရှိနေမှုကြောင့် မီးရထားများကို အရှိန်လျှော့ မောင်းနှင်သင့်ကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဌာန၏ သတိပေးမှုများကို မီးရထားအာဏာပိုင်များအနေဖြင့် မသိကျိုးကျွံပြုနေကြကြောင်း ယင်းပြည်နယ် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာန ခေါင်းဆောင်ဂျေဒီရှာမာက စွပ်စွဲပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းကလည်း အမျိုးသားဥယျာဉ်များနှင့် သစ်တောများအား မကြာခဏ ဖြတ်သန်းသွားလာနေရာမှ ရထားလမ်းကူးများတွင် အတိုက်ခံရမှုကြောင့် ဆင်ကောင်ရေ ဒါဇင်ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဆင်ကောင်ရေမှာ ခန့်မှန်းခြေ ၂၆၀၀၀ ခန့်ရှိသည်။ **(ဆင်ဟွာ)**

တူရကီဝန်ကြီးချုပ် ရေးဆက်စောရစ်အာဒိုဂန်

သမ္မတအာဆက်နေရာအစားထိုးရန် ဆီးရီးယားပြည်သူများ ပြင်ဆင်နေ

ဒမတ်စကတ် ဒီဇင်ဘာ ၃၁

ဆီးရီးယားပြည်သူတို့အနေဖြင့် သမ္မတအာဆက်နေရာတွင် အစားထိုးနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေရန်ပြင်ဆင်နေကြပြီဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်ရေးဆက်စောရစ် အာဒိုဂန်ကပြောကြားလိုက်ကြောင်း ဒီဇင်ဘာ ၃၁ ရက်တွင် ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

"ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ ကူညီကယ်တင်မှုကို ရှင်းလင်းပြတ်သားစွာမြင်နေရပါပြီ။ အောင်မြင်မှုရတော့မယ်ဆိုတာမမေ့ကြပါနဲ့"ဟု အာဒိုဂန်က ဒီဇင်ဘာ ၃၀ ရက်တွင် ဆန်လူဖာပြည်နယ် အက်ခါစေးရှိဒုက္ခသည်စခန်း၌ ဆီးရီးယားဒုက္ခသည်များအား ပြောကြားသည်။ ဒမတ်စကတ်က အင်ကာရာအား ဆော်ဒီအာရေဗျ၊ ကာတာ၊ ပြင်သစ်၊ အမေရိကန်တို့နှင့်ပူးပေါင်းကာ ဆီးရီးယားနိုင်ငံအတွင်း အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သေကျေပျက်စီးကြရန် ကြံစည်နေကြောင်း စွပ်စွဲခဲ့ပြီးနောက် ဆီးရီးယားနှင့် တူရကီတို့၏ ဆက်ဆံရေးသည် တင်းမာလာခဲ့သည်။

တူရကီတို့က ဆီးရီးယားအတိုက်အခံတို့ဘက်မှ ရပ်တည်ပေးခဲ့သည်။ မော့ဇ်အယ်လ်ခါတစ်သည် အဆိုပါ အတိုက်အခံအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။ **(ရိုက်တာ)**

အမေရိကန်နိုင်ငံစာသင်ကျောင်းများ၌ လက်နက်ကိုင်အစောင့်များထားမည်ဟုဆို

နယူးယောက် ဒီဇင်ဘာ ၃၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သူ၏သမ္မတသက်တမ်းတွင် အဆိုးရွားဆုံးနေ့တစ်နေ့ကို ကြုံတွေ့ရမှုကြောင့် သေနတ်အကြမ်းဖက်မှုများအား ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် လာမည့်နှစ်တွင် ဥပဒေပြုချက်တစ်ရပ်ကို ထုတ်ပြန်ပြီးနောက် သေနတ်ပစ်ခတ်မှုကျွမ်းကျင်သူ ပထမဆုံး အယောက် ၂၀ ကို ခေါ်ယူကာ စာသင်ကျောင်းများတွင် လက်နက်ကိုင်အစောင့်များအဖြစ် အချိန်ပြည့်ထားရှိသွားမည်ဟု အာမခံပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၃၁ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နယူးတောင်းမြို့ စန်ဒီဟွတ် မူလတန်းကျောင်း၌ ဒီဇင်ဘာ ၁၄ ရက်က သေကျေပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သေနတ်ပစ်ခတ်တိုက်ခိုက်မှု၏ နောက်ဆက်တွဲတွင် စာသင်ကျောင်းများ၌ လက်နက်ကိုင်အစောင့်များ အချိန်ပြည့်ထားရှိသွားရန် စီမံချက်များကို အင်န်ဘီစီသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အိုဘားမားက ပွင့်လင်းစွာ ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အေပီ)**

တင်မောင်လွင်-စုစည်းသည်

နိုင်ငံတကာသတင်း

ဟော်မုဇ်ရေလက်ကြားက အငြင်းပွားဖွယ် အီရန်စစ်ရေးလေ့ကျင့်မှု

ဝေယံဦး - ရေးသည်

နိုင်ငံရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် အီရန်နိုင်ငံက ခြောက်ရက်ကြာ စစ်ရေးလေ့ကျင့်မှုကို ဟော်မုဇ်ရေလက်ကြားမှာ ဒီဇင်ဘာ ၂၈ ရက်ကစတင်ပြုလုပ်နေပြီဖြစ်ပါတယ်။ အနောက်အုပ်စု နိုင်ငံတွေရဲ့စောင့်ကြည့်နေတဲ့ကြားက အီရန်ရေတပ်မတော်က အင်အားအပြည့်နဲ့ လေ့ကျင့်မှုတွေ ပြုလုပ်နေခြင်းဖြစ်ပါတယ်။

အီရန်နိုင်ငံဟာ ဒီလိုရေတပ်စစ်ရေး လေ့ကျင့်မှုပြုလုပ်တာကို ဗီလာယက် ၉၁လို့ အမည်ပေးထားပြီး စွမ်းအားပြင်း ဒုံးကျည်တွေနဲ့ တော်ပီဒိုဒုံးကျည်တွေ စမ်းသပ်ပစ်ခတ်မှုကိုလည်း ပြုလုပ်ခဲ့ပါတယ်။ အဲဒီဒုံးကျည်တွေဟာ အီရန်ပြည်တွင်းကထုတ်လုပ်တဲ့ ဒုံးကျည်တွေဖြစ်ပြီး စွမ်းရည်မြင့်မားကာ ပစ်မှတ်ကို တိုက်ရိုက်ထိမှန်နိုင်တယ်လို့ အီရန်စစ်ဘက် ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားနေပါတယ်။

အီရန်နိုင်ငံအနေနဲ့ အခုလိုရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်တာဟာ ရေတပ်စွမ်းအားကြီးမားပြီး အီရန်ရဲ့ရေပြင်ပိုင်နက်ကို ကာကွယ်နိုင်ဖို့စွမ်းရည်အပြည့်အဝရှိတယ်ဆိုတာ ပြသလိုက်တာပဲဖြစ်တယ်လို့လည်း အီရန်စစ်ဘက်အရာရှိတွေကဆိုပါတယ်။ အီရန်နိုင်ငံဟာ စစ်ရေးစွမ်းရည်မြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာကို နိုင်ငံတကာက အသိအမှတ်ပြုရမှာဖြစ်တယ်လို့လည်း စစ်ရေးလေ့ကျင့်မှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမီရာရက်စတီဂါရီက ပြောကြားပါတယ်။

အီရန်နိုင်ငံက စစ်ရေးလေ့ကျင့်နေတဲ့ ဗီလာယက် ၉၁လို့ အမည်ပေးထားတဲ့ ရေတပ်စစ်ရေးလေ့ကျင့်မှုကို အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းနဲ့ အိုမန်ပင်လယ်ကွေ့အပါအဝင် ဟော်မုဇ်ရေလက်ကြားရဲ့ ရေပြင်အကျယ် စတုရန်းကီလိုမီတာတစ်သန်းဧရိယာအတွင်းမှာ ပြုလုပ်နေတာဖြစ်ပါတယ်။ ဒီလို ရေတပ်စစ်ရေးလေ့ကျင့်မှုက နိုင်ငံတကာရေပြင်၊ အီရန်ရေပြင်ပိုင်နက်နဲ့ အိမ်နီးချင်းနိုင်ငံတွေအတွက် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးအတွက်ပဲဖြစ်တယ်လို့လည်း အီရန်ရေတပ်ဗိုလ်ချုပ်ဆေယာရီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ရေနံ ၄၀ ရာခိုင်နှုန်းတင်ပို့မှုရဲ့ ပင်လယ်ရေကြောင်းခရီးလမ်းကြောင်းဖြစ်တဲ့ ဟော်မုဇ်ရေလက်ကြားကို ရွေးချယ်ပြီး ရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်တာဟာ အနောက်အုပ်စုနိုင်ငံတွေက အီရန်နျူကလီးယားအစီအစဉ်ကို တိုက်ခိုက်မှုပြုလုပ်ခဲ့ရင် အဲဒီဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ဖို့အတွက် အီရန်တို့က ဖော်ညွှန်းနေတာဖြစ်တယ်လို့ အီရန်အရာရှိတွေက ပြောကြားနေပါတယ်။

အီရန်နိုင်ငံဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းကလည်း ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ပါသေးတယ်။ ၁၀ ရက်ကြာပြုလုပ်တဲ့ အဲဒီရေတပ်စစ်ရေးလေ့ကျင့်မှုအပြီးမှာ ဟော်မုဇ်ရေလက်ကြားရေပြင်ကို ရေငုပ်သင်္ဘောတစ်စင်းနဲ့ ဖျက်သင်္ဘောတစ်စင်းတို့ကို စေလွှတ်ခဲ့ပါတယ်။ ဒါဟာ အမေရိကန်နဲ့ မဟာမိတ်တွေက အဲဒီရေပြင်မှာ ရေတပ်စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တာကို တန်ပြန်တဲ့အနေနဲ့ ပြုလုပ်ခဲ့ခြင်းဖြစ်ပေမယ့် အမေရိကန်တို့ စစ်ရေးလေ့ကျင့်မှုဟာ အဲဒီရေလမ်းကြောင်းမှာ ဖြတ်သန်းမောင်းနှင်နေတဲ့ နိုင်ငံတကာကုန်တင်သင်္ဘောတွေရဲ့ လုံခြုံရေးကိုစောင့်ရှောက်ပေးနိုင်ဖို့အတွက်ဖြစ်တယ်လို့ အမေရိကန်တို့က ဆိုခဲ့ပါတယ်။

အခုလို အီရန်ရေတပ်စစ်ရေးလေ့ကျင့်မှုမှာ စစ်သင်္ဘောတွေ၊ ရေငုပ်သင်္ဘောတွေ၊ ရေတပ်ရဟတ်ယာဉ်တွေ ပါဝင်ပြီး ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုတွေလည်း ပါဝင်တာမို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ မိတ်ဆွေနိုင်ငံတွေအဖို့ စိုးရိမ်စရာမလိုဘူးလို့တော့ ပြောကြားနေပါတယ်။

အီရန်နိုင်ငံဟာ နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းတွေကို လက်နက်ထောက်ပံ့မှုတွေ ပြုလုပ်နေတယ်လို့ အနောက်နိုင်ငံတွေက ဝေဖန်ပြစ်တင်နေကြတာမို့ အခုလို ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတွေနဲ့ စစ်ရေးလေ့ကျင့်မှုတွေဟာ ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်ရာရောက်တယ်လို့ စွပ်စွဲမှုတွေဟာ အမြင်မကြည်လင်တဲ့နိုင်ငံအချို့ရဲ့ တစ်ဖက်သတ်ပြောကြားမှုတွေလို့ အီရန်က ငြင်းဆိုလိုက်ပါတယ်။

အီရန်တပ်ဖွဲ့ဝင် ၈၀၀၀၊ ပုံးကြဲလေယာဉ်နဲ့ တိုက်ခိုက်ရေးလေယာဉ်တွေ၊ ရေငုပ်သင်္ဘော၊ တိုက်သင်္ဘောတွေနဲ့ စစ်ရေးလေ့ကျင့်မှုတွေဟာ အီရန်နိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးအပြင် ပိုမိုစွန်းထွက်နေတဲ့သဘော ရှိနေတာမို့အမေရိကန်နိုင်ငံက စောင့်ကြည့်အကဲခတ်လျက်ရှိပါတယ်။ (ဆင်ဟွာ)

ခေတ်မီသံချပ်ကာယာဉ်များ ဂျာမနီက ဆော်ဒီအာရေဗျကိုရောင်းမည်

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်က ဆော်ဒီအာရေဗျနှင့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ လက်နက်ရောင်းဝယ်ရေးစာချုပ်တစ်ရပ်ချုပ်ဆိုရန် မီးစိမ်းပြလိုက်ပြီဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဂျာမနီအစိုးရနှင့်၎င်း၏အမျိုးသားလုံခြုံရေးကောင်စီတို့သည် ဒင်ဂိုတူးဟုခေါ်သည့် ခေတ်မီအထူးသံချပ်ကာယာဉ် ၃၀ကို ယူရိုသန်း ၁၀၀ ဖြင့် ဆော်ဒီအာရေဗျသို့ ရောင်းချရန် နောက်ဆုံးဆုံးဖြတ်ချက်တစ်ရပ်ချလိမ့်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၀ ရက်ထုတ် ဂျာမနီသတင်းများတွင်ဖော်ပြသည်။ ဆော်ဒီအာရေဗျအစိုးရအနေဖြင့် စစ်ပွဲနှင့် အဓိကရုဏ်းတို့တွင်ဖြန့်ကြက်ထားနိုင်မည့် အဆိုပါ အထူးသံချပ်ကာယာဉ် အစီး ၁၀၀ အထိဝယ်ယူသွားလိုသည်ဟု ဆိုသည်။

အဆိုပါသံချပ်ကာယာဉ်သည် ဩစတြေးလျခွေးအမျိုးအစား ဒင်ဂို၏အမည်ကို ပေးထားခြင်းဖြစ်ပြီး မြေမြှုပ်မိုင်းများ၊ အမြောက်ပစ်ခတ်မှုနှင့် အင်န်ဘီစီ (နျူကလီးယား၊ ဇီဝနှင့်ဓာတု) လက်နက်များအသုံးပြုတိုက်ခိုက်ခြင်းကို ကြံ့ကြံ့ခံကာကွယ်နိုင်စွမ်းရှိသည်ဟုဆိုသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံခေါင်းဆောင် သူပုန်အဖွဲ့နှင့်ဆွေးနွေးရန် အသင့်ရှိဟုဆို

ဗဟိုအာဖရိကသမ္မတနိုင်ငံခေါင်းဆောင် ဖရန်ဆွာဘိုဇီဇီက သူ့အနေဖြင့် သူပုန်အဖွဲ့နှင့် အမျိုးသားစည်းလုံးညီညွတ်သော အစိုးရတစ်ရပ်ဖွဲ့စည်းရန် အသင့်ရှိကြောင်း ဒီဇင်ဘာ ၃၀ ရက်က ထုတ်ဖော်ပြောကြားသည်ကို ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာဖရိကသမဂ္ဂဥက္ကဋ္ဌ သောမတ်စ် ဘိုနီယာရီနှင့်တွေ့ဆုံအပြီး မစ္စတာဘိုဇီဇီက အထက်ပါအတိုင်း မှတ်ချက်ပြု ပြောဆိုခဲ့ခြင်းဖြစ်သည်။ သူ့အနေဖြင့် ဂါဘွန်နိုင်ငံတွင် သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ ၂၀၁၆ ခုနှစ် သက်တမ်းကုန်လျှင် ရာထူးမှဆင်းပေးမည်ဖြစ်ကြောင်းလည်း သူကဆိုသည်။ သူပုန်အဖွဲ့က သမ္မတ၏ကမ်းလှမ်းချက်ကို စဉ်းစားနေသည်ဟု ဆိုသည်။

ဆီးရီးယားတပ်ဖွဲ့များ အလက်ပိုမြို့လေယာဉ်ကွင်းကို ထိန်းချုပ်

ဆီးရီးယားတပ်များက အလက်ပိုပြည်နယ်မြောက်ပိုင်း မွတ်(ခ်)မြို့နှင့် လက်နက်ကိုင်အုပ်စုကတိုက်ခိုက်နေသော လေတပ်အခြေစိုက်စခန်းတစ်ခုကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ဆီးရီးယားစစ်ဌာနချုပ်က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

လက်နက်ကိုင်သူပုန်အဖွဲ့သည် အလက်ပိုရှိ ဆူပိုဒီးယားမြို့ တပ်စခန်းကို ဒီဇင်ဘာ ၃၀ ရက်က မော်တာများ၊ ဒုံးကျည်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်လည်း ဆီးရီးယားအစိုးရတပ်များက ခုခံတိုက်ခိုက်ခဲ့ရာ တိုက်ခိုက်ရေးသမား အများအပြားသေဆုံးခဲ့ကြောင်း ဆီးရီးယားစစ်ဌာနချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် ဆာနာသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်

ကြင်နာခြင်းက ကလေးငယ်များကို ရွယ်တူတွေကြားချစ်ခင်မှုပိုစေ

ကြင်နာကရုဏာထားကာ ဆက်ဆံခံရသောကလေးများသည် ရွယ်တူများကြား ပိုမို၍ ထင်ထင်ပေါ်ပေါ်ရှိစေသည်ဟု သုတေသနတစ်ရပ်က ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်တစ်စုက အသက် ၉ နှစ်မှ ၁၁ နှစ်ကြားရှိ ကျောင်းသား ကျောင်းသူ ၄၀၀ ဖြင့် စမ်းသပ်မှုပြု၍ ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ကလေးငယ်များကို ကြင်နာယုယသော အပြုအမူဖြင့် နွေးထွေးစွာဆက်ဆံ၍ သုတေသနပြုရာ သီတင်းပတ်လေးပတ်မြောက်တွင် ထိုသို့သောကလေးငယ်များသည် ပိုမိုပျော်ရွှင်လာသည်ကိုတွေ့ရကြောင်း၊ အတန်းဖော်များ၏ ပိုမိုချစ်ခင်နှစ်သက်မှုကို ရရှိကြောင်း သိရသည်။

သုတေသနပြုတွေ့ရှိ

ကရုဏာထားဆက်ဆံသော အပြုအမူများသည် ကလေးငယ်များအတွက် ရွယ်တူအပေါင်းအဖော်များနှင့် ပိုမိုသင့်မြတ်မှုရှိစေသည်ဟုလည်းဆိုသည်။ ထို့ပြင် ကြီးနိုင်ငယ်ညှဉ်းလုပ်ရပ်များကို တားဆီးပေးရာရောက်စေသည်ဟု သုတေသနပြုတွေ့ရှိချက်ကို ၎င်းအဖွဲ့က ဂျာနယ်တွင်ရေးသားဖော်ပြသည်။

"သုတေသနအရ တွေ့ရှိရတာက များစွာစိတ်ဝင်စားစရာကောင်းပါတယ်။ ရိုးရိုးရှင်းရှင်းအပြုသဘောဆောင်တဲ့ အပြုအမူများက ကလေးငယ်လေးတွေကို ရွယ်တူတွေကြား နွေးထွေးတဲ့ဆက်ဆံရေးများ ဖြစ်ထွန်းစေပါတယ်"ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာလာရစ်က ပြောကြားသည်။

မင်းသမီးကိတ်ဝင်းစလက်အား မင်္ဂလာဦးလက်ဆောင်အဖြစ် ခင်ပွန်းသည်က အာကာသခရီးစဉ်စီစဉ်ပေး

မကြာသေးမီကလက်ထပ်လိုက်သည့် ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်အား သူမ၏ခင်ပွန်းက မင်္ဂလာဦးအထိမ်းအမှတ်လက်ဆောင်အဖြစ် အာကာသခရီးစဉ်စီစဉ်ပေးကြောင်း အင်တာနက်သတင်းတွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြသည်။

အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်သည့် ကိတ်ဝင်းစလက်သည် အာကာသပျံသန်းမှုလုပ်ငန်း ဗာဂျင်းဂလက်တစ်ပိုင်ရှင် ဆာရစ်ချတ်ဘရန်ဆင်၏တူဖြစ်သူ နက်ဒ်ရော့အင်ရိုးလ်နှင့် သီတင်းပတ်အစောပိုင်းက နယူး ယောက်မြို့တွင် တိတ်တဆိတ်မင်္ဂလာပွဲကျင်းပခဲ့သည်။

ရစ်ချတ်၏လုပ်ငန်းတွင် အချိန်ပိုင်းအလုပ်လုပ်နေသူ နက်က ကြင်စဦးဇနီးသည်အတွက် ဂြိုဟ်ပတ်လမ်းအတွင်း နှစ်နာရီကြာပျံသန်းမှုအာကာသခရီးစဉ်ကို ဦးလေး၏စေတနာအကူအညီဖြင့် မင်္ဂလာလက်ဆောင်ပေးခြင်းဖြစ်ကြောင်း သည်ဆန်းသတင်းက ဖော်ပြသည်။ အလွန်ကုန်ကျစရိတ်များပြားသော အာကာသခရီးစဉ်ကို တူဖြစ်သူ နက်ဒ်နှင့်ဇနီးသည် မင်းသမီးကိတ်ဝင်းစလက်တို့အတွက် စေတနာဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဟု ဆာရစ်ချတ်ကဆိုသည်။ ကမ္ဘာ့လေထုကို ဖြတ်ကျော်၍ မိုင် ၆၀ အထက်တွင် ပျံသန်းမည့် အာကာသခရီးစဉ်အတွင်း ကိတ်တို့ဇနီးမောင်နှံသည် ကမ္ဘာ့ဆွဲငင်အားမှ လွတ်၍ ဒြပ်မဲ့ပေါ့ပါးမှု အတွေ့အကြုံနှင့် ကမ္ဘာဂြိုဟ်ကြီး၏ အခုံးကိုတွေ့မြင်ရှုစားနိုင်ရန် ယခုကဲ့သို့ အာကာသခရီးထွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မောင်သံဆင့် – ရေးသားသည်

သင့်ကျန်းမာရေးအတွက် အကောင်းဆုံးအရည်အသွေးပြည့်သောက်ရေသန့်
KTM PURIFIED R.O DRINKING WATER
နှစ်သစ်မင်္ဂလာဆုမွန်လွှာ
နှစ်ထစ်ထူး အခါသမယနှင့်အတူ မိတ်ပြည်သူအပေါင်း ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပြီး စီးပွား ဥစ္စာများ ကြီးပွားတိုးတက်ကြပါစေကြောင်း KTM သောက်ရေသန့်မိသားစုမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။
KTM သောက်ရေသန့် မိသားစု
Sawetaw Distribution Group

ဆောင်းပါး

ဒီမိုကရေစီနိုင်ငံသစ်နှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

(ယမန်နေ့မှအဆက်)

ဘုံအကျိုးစီးပွား ဆွေးနွေး

ဩဂုတ် ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၍ မတူကွဲပြားသော သဘောထားအမြင်များ ဘေးဖယ်ထားပြီး နိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ပုဂ္ဂလိက ကဏ္ဍ

ယင်းနေ့မှာပင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ နိုင်ငံတော်သမ္မတက **"ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ရဲ့ အစိတ်အမံတစ်ရပ်အဖြစ် စီးပွားရေးအဆောက်အအုံဟာ အကျင့်သိက္ခာရှိရှိ၊ တာဝန်ယူမှုရှိရှိနှင့် သင့်တော်ပြီး စည်းကမ်းကျနသော ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေမှာ ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုရှိသော ခေတ်မီစနစ်ကျသော ပုဂ္ဂလိကကဏ္ဍတစ်ရပ် ဖန်တီးရရှိ၍ လိုက်လျောညီထွေစွာ လည်ပတ်လျက်ရှိသော၊ သင့်တော်သည့် ယှဉ်ပြိုင်မှုရှိသော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် လိုအပ်ကြောင်း"** ပြောကြားသွားခဲ့ရာ ယနေ့အခါတွင် ပုဂ္ဂလိကကဏ္ဍများ ပေါ်ပေါက်လာနေပြီဖြစ်သည်။

ဝန်ထမ်းကောင်းများ

ဩဂုတ် ၂၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက **"အစိုးရသက်တမ်းနုနယ်သေးပေမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုစိတ်ကျေနပ်မှု၊ ပြည်သူလူထု စိတ်ချမ်းသာမှုကိုထမ်းဆောင်ကြတဲ့၊ ပြည်သူတစ်ရပ်လုံး အားထားမှုခံယူထိုက်တဲ့ ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း"** မိမိတို့ အစိုးရအဖွဲ့၏ အချိန်တိုကာလအတွင်း ဆောင်ရွက်မှုများကို ပြောကြားသွားသည်။

လူ့အခွင့်အရေး

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားသည် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ကွင်တားနားက မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများဖြစ်ထွန်းလာနေသည်ကို အထင်အရှားတွေ့မြင်ရပါကြောင်း ပြောကြားသွားခဲ့သည်။

ငါးစင်းမြောက်တံတားဖွင့်

ဩဂုတ် ၂၇ ရက်တွင် အစိုးရသစ်လက်ထက် ငါးစင်းမြောက်ဖွင့်လှစ်သော ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် ခွင့်ပြုအလေးချိန် တန် ၆၀ ရှိ နဂါးပေါက်တံတားကို ဖွင့်လှစ်ပေးခဲ့ပြန်သည်။

သံတမန်ဆက်ဆံရေးထူထောင်

စက်တင်ဘာ ၁ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသည် (၁၀၄) နိုင်ငံမြောက် သံတမန်ဆက်ဆံရေး ထူထောင်သောနိုင်ငံ ဖြစ်လာသည်။

လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အား ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

ဥပဒေများ ပြင်ဆင်၊ ဖျက်သိမ်း၊ ပြဋ္ဌာန်း

စက်တင်ဘာ ၂၉ ရက်မှစတင်၍ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်၏ လက်ရှိခေတ် အခြေအနေနှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ စတင်ဆောင်ရွက်ခဲ့သည်။

မြစ်ဆုံဆည်တည်ဆောက်ခြင်း ရပ်ဆိုင်း

စက်တင်ဘာ ၃၀ ရက်တွင် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများရှိကြောင်း ကြားသိရသည့်အတွက် ပြည်သူများ၏ဆန္ဒကို အလေးထားသောအားဖြင့် မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်သူများ၏ဆန္ဒကို အလေးထားလုပ်ဆောင်ခဲ့သည်။

ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေး

အောက်တိုဘာ ၃ ရက်တွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပထမအကြိမ် ငြိမ်းချမ်းရေးကိစ္စများ ဆွေးနွေးခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ချစ်ကြည်ရေးရောက်ရှိ

အောက်တိုဘာ ၅ ရက်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးရောက်ရှိပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်

အောက်တိုဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၄၉/၂၀၁၁ ဖြင့် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆၃၅၉ ဦးတို့အား ပြစ်ဒဏ်အသီးသီးမှ ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့သည်။

ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

အောက်တိုဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက်

ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ပူးပေါင်းဆောင်ရွက်

နိုဝင်ဘာ ၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို မူဝါဒများချမှတ်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပဏာမငြိမ်းချမ်းရေး သဘောတူလက်မှတ်ထိုး

နိုဝင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့(ယခင် DKBA) တို့သည် ဘားအံမြို့၌ နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ကြပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်(၅)ချက်ကို လက်မှတ်ရေးထိုးကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်

နိုဝင်ဘာ ၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံတွင် အပူဇော်ခံရန် ပင့်ဆောင်ရောက်ရှိလာသည်။ အစိုးရသစ်လက်ထက် သာသနာရောင်ဝါထွန်းလင်းတောက်ပမှုပင်ဖြစ်သည်။

အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် အတည်ပြု

နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အိုဘားမား မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်အား အသိအမှတ်ပြု

နိုဝင်ဘာ ၁၈ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်နှင့် လွှတ်တော်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

ဧရာဝတီတံတား(ညောင်တုန်း)ဖွင့်

နိုဝင်ဘာ ၂၇ ရက်တွင် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။ အဆိုပါတံတားကြီး၏ကျေးဇူးကြောင့် ဟင်္သာတ၊ ဇလွန်မြို့တို့မှ တစ်ဆင့်

ပုသိမ်မြို့နှင့် ရန်ကုန်(လှိုင်သာယာ)မြို့တို့ကို မီးရထားနှင့်သွားလာနိုင်ပြီဖြစ်သည်။

ဟီလာရီကလင်တန် ပထမဆုံးရောက်ရှိ

ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးလာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ အမေရိကန်သည် မြန်မာနိုင်ငံ၏မိတ်ဖက်နိုင်ငံဖြစ်လိုကြောင်း ဟီလာရီကလင်တန်က ပြောကြားသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့် ဆွေးနွေး

ဒီဇင်ဘာ ၆ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးဖွင့်

ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ လေဆိပ်တွင် တစ်နှစ်လျှင် လေယာဉ်စင်းရေ ၅၀၀၀၀ မှ ၆၅၀၀၀ အထိ ဆိုက်ရောက်နိုင်သည်။

မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး အိမ်ရှင်အဖြစ်ကျင်းပ

ဒီဇင်ဘာ ၁၉ ရက်တွင် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နေပြည်တော်၌ ကျင်းပခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်

ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားဖြစ်သော ဧရာဝတီတံတား (ပခုက္ကူ)ကို ဖွင့်လှစ်ပေးခဲ့သည်။ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေ ရှိသည်။



ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း မန္တလေးတိုင်းဒေသကြီးနှင့် အနောက်ဘက်ခြမ်း မကွေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ Highway လမ်းမကြီးပေါ်တွင် တည်ရှိသည်။

တတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြု

ဇန်နဝါရီ ၂ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁/၂၀၁၂ ဖြင့် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသားများကို နှစ်အမျိုးအစားအလိုက် တတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြင်ဆင်

ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေများ ပြင်ဆင်သည့် နည်းဥပဒေထုတ်ပြန်သည်။ ***(ဆက်လက်ဖော်ပြပါမည်)***

စာတည်းအဖွဲ့မှ စုစည်းတင်ပြသည်။

SME Myanmar business magazine
၂၀၁၃ ဇန်နဝါရီလထုတ် ထွက်ပြီ
2013 Year Planner
မေတ္တာလက်ဆောင်ပါသည်။



window to business opportunities
အပြောင်းအလဲတွေ များနေ မြန်နေတဲ့ကြားက
သင့်ဆုံးဖြတ်ချက် မှန်ကန်စေမယ့်
စီးပွားရေးအခွင့်အလမ်းပြ
လစဉ်ထုတ် မဂ္ဂဇင်း
HOT LINE: 09 425 373 397, 09 448 019 919, 09 501 232 5

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်မှ မသန်သော်လည်း စွမ်းသည့်ကျောင်းသားလေး

မင်းမင်းလတ် (မန်းတက္ကသိုလ်)

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲကို နေပြည်တော်တွင် ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိကျင်းပရာ စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု တတိယဆုဆွတ်ခူးသွားသည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းတွင် ပါဝင်ယှဉ်ပြိုင်သည့် မွေးရာပါ လက်ခြေမသန်စွမ်းသည့် သတ္တမတန်းကျောင်းသားလေး မောင်ဆန်းလင်းထွန်းနှင့် တွေ့ဆုံမေးမြန်းရာ သတ္တမတန်းကျောင်းသားလေး မောင်ဆန်းလင်းထွန်းနှင့် တိုင်းဒေသကြီး ကိုယ်စားပြုတွင် အတူတကွ ပဲခူးတိုင်း

ဒေသကြီးမှလာရောက်ကြသော အောင်ခန့်ဟိန်း ဆဋ္ဌမတန်း၊ ထက်လင်းအောင် သတ္တမတန်း၊ ရဲထက်သော် နဝမတန်း၊ ချမ်းမြေ့ဖြိုး နဝမတန်း အပါအဝင် တိုင်းဒေသကြီးကိုယ်စားပြု စစ်တုရင်ပြိုင်ပွဲဝင်ရန် နေပြည်တော်သို့ ဒီဇင်ဘာ ၂၂ ရက်ကရောက်ရှိရာ မောင်ဆန်းလင်းထွန်းမှာ အသက် (၁၄)နှစ်ဖြစ်ပြီး ဖခင်ဦးထွန်းလှ ကျေးလက်ကျန်းမာရေးဌာန၊ မိခင် ဒေါ်တင်မြတို့က ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပျဉ်ရေရွာတွင်မွေးဖွားပြီး မိခင်ဝမ်းမှမွေးဖွားစဉ်ကာလကတည်းက ယနေ့ထိ ခြေနှစ်ဖက် လက်နှစ်ဖက် မသန်စွမ်းဘဲ ကောက်ကွေးကာ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းမှ လက်ရှိကျေးရွာ အထက်တန်းကျောင်းခွဲရှိ သတ္တမတန်းပညာသင်ကြားလျက်ရှိသည်။

၎င်းကျောင်းနေစဉ် ကာလတစ်လျှောက် နှစ်စဉ် ပထမဆုကိုဆွတ်ခူးလျက်ရှိပြီး နှစ်စဉ် ရွှေကျင်မြို့နယ်၏ မြို့နယ်အဆင့် ပညာရည်ချွန်ပထမဆုကို ရရှိသူတစ်ဦးဖြစ်ကာ ပဉ္စမတန်း၊ ဆဋ္ဌမတန်းတို့တွင် ပဲခူးတိုင်းဒေသကြီးအဆင့် ဂုဏ်ထူးဆောင် ပထမဆုများကိုရရှိခဲ့ပြီး ယခု သတ္တမတန်း ပညာသင်နှစ်အတွက် ရွေးချယ်မှုတွင် မောင်ဆန်းလင်းထွန်းအား ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီး ပညာရေးဌာနမှ မောင်ဆန်းလင်းထွန်းအား Student of Honour ပေးအပ်မည်ဖြစ်ကြောင်း ၎င်း၏အစ်ကိုဖြစ်သူ အသက် ၂၇ နှစ်ရှိ ကိုကြင်ခိုင်က မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ မွေးချင်း မောင်နှမကိုးဦးရှိပြီး ၎င်း၏အထက်တွင် အစ်ကိုခြောက်ဦးနှင့် အောက်တွင် ညီမနှစ်ဦးရှိသည်။

"ကျွန်တော်က အားကစားနဲ့ပတ်သက်လို့ နေပြည်တော်ကို ပထမဆုံး လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်ကြိုးစားပါတယ်၊ ခြေလက်မသန်ပေမယ့် ကိုယ့်ခန္ဓာကိုယ်နဲ့လိုက်ဖက်တဲ့ စစ်တုရင်ပြိုင်ပွဲမှာ မြန်မာတစ်နိုင်ငံလုံး ယှဉ်ပြိုင်ခဲ့ရတာ တတိယဆုရရှိလို့ ပျော်ပါတယ်၊ တက္ကသိုလ်ဝင်တန်းကိုလည်း အမှတ်ကောင်းကောင်းနဲ့အောင်ဖို့ ကြိုးစားပြီး ဆေးတက္ကသိုလ်တက်ရောက်၍ ဆရာဝန်တစ်ယောက်ဖြစ်ရန် ရည်ရွယ်ထားပါတယ်"ဟု သူ၏ ရင်တွင်းစကားကို မြန်မာ့အလင်းသို့ ဖွင့်ဟပါသည်။ သို့ပါ၍ မောင်ဆန်းလင်းထွန်းသည် မသန်သော်လည်း စွမ်းသည့် ကျောင်းသားလေးတစ်ဦးဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စပါးဈေးနှုန်းများကျဆင်း၍ လယ်သမားများ မပျော်ရွှင်နိုင်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဆန်ဈေးကွက်တွင် ဆန်ကြမ်း၊ ဆန်ကွဲများ ဈေးနှုန်းကျဆင်းမှုနှင့်အတူ စပါးဈေးနှုန်းများကျဆင်းနေရာ စပါးစိုက်ပျိုးသူများ ယခုဒီဇင်ဘာလကုန်ပိုင်းမှစ၍ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် အပြည့်အဝ ပြန်လည်မရရှိဘဲ အရှုံးပေါ်နေကြောင်း စပါးစိုက်လယ်သမားများက ဆိုသည်။

ဒီဇင်ဘာ ၂၉ ရက်တွင် ရာကျော် ဆန်တစ်အိတ် ငွေကျပ် ၁၁၃၀၀-၁၁၅၀၀ နှုန်း၊ ၂၅ မှတ် ဆန်တစ်အိတ် ငွေကျပ် ၁၁၀၀၀-၁၁၂၀၀ နှုန်း၊ ၂-၃-၄ ဆန်ကွဲတစ်အိတ် ငွေကျပ် ၉၁၀၀-၉၂၀၀ နှုန်းရှိပြီး နယ်စပါးကြမ်းဈေးနှုန်းများ ပေါင် ၅၀ ကိုက်တင်းဖြင့် တင်းတစ်ရာလျှင် ငွေကျပ် သုံးသိန်းလေးသောင်း ဝန်းကျင်သာရှိကြောင်း၊ သုံးခွ-ခရမ်းနယ်ဘက်တွင်လည်း ရာကျော်စပါးတင်းတစ်ရာလျှင် ငွေကျပ် သုံးသိန်းဝန်းကျင်သာရှိကြောင်း ဆန်စပါးကုန်သည်များထံမှ သိရသည်။

၄၆ ပေါင်ကိုက် တင်းတစ်ရာလျှင် ယခုဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်လျှင် ငွေကျပ်သုံးသိန်းတစ်သောင်းဝန်းကျင်သာရှိနေကြောင်း၊ ယခင်နှစ် မိုးစပါးတင်းတစ်ရာလျှင် ၄၆ ပေါင်ကိုက်ဖြင့် ငွေကျပ်သုံးသိန်းသုံးသောင်းနှုန်းဖြင့် နိုင်ငံတော်မှ အရန်ဆန်စီမံချက်ရေးဆွဲပြီး စပါးဈေးကျဆင်းမှုကို ကာကွယ်ပေးခဲ့ကြောင်း၊ ယခင်နှစ်က အရန်ဆန်ဝယ်ယူမှု နောက်ကျသဖြင့် ယခုနှစ်က အချိန်စောဝယ်မည်ဆိုသော်လည်း ဒီဇင်ဘာလကုန်ထိ စပါးဈေးနှုန်းများမှာ ယခင်နှစ် အရန်ဆန်ဝယ်ယူသည့် စပါးဈေးနှုန်းထက် များစွာကျဆင်းနေသည်ဟု သိရသည်။

လယ်သမားများအနေဖြင့် စိုက်စရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် ရိတ်သိမ်းပြီး စပါးများရောင်းချရကြောင်း၊ ဈေးနှုန်းများကျဆင်းနေ၍ အခက်အခဲများ တွေ့ကြုံနေရကြောင်း သိရသည်။ ယခုလပိုင်းအတွင်း စပါးရိတ်သိမ်းမှုများပြားရာ စပါးဈေးကျဆင်းမှုကြောင့် စိုက်ပျိုးသူများ အရှုံးပေါ်နေသော်လည်း စပါးဝယ်ယူသိုလှောင်သူများအတွက် အဆင်ပြေနေကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်မှစပါးဈေးကျဆင်းမှုကို အရန်ဆန်စီမံချက်ဖြင့် လယ်သမားများထံမှ ၄၆ ပေါင်ကိုက်တင်းနှုန်းဖြင့် ထိရောက်စွာ တွက်ချက်ဝယ်ယူစေရန် လယ်သမားများက ဆန္ဒရှိသည်ဟု ဆိုသည်။ ပြင်ပစပါးဝယ်ယူရာတွင် ပေါင် ၅၀ကိုက်တင်းနှုန်းဖြင့် တွက်ချက်ဝယ်ယူရာ လယ်သမားများသည် စပါးတစ်တင်းလျှင် အလေးချိန်လေးပေါင်၊ ပျမ်းမျှတန်ဖိုးအားဖြင့် ငွေကျပ် ၂၅၀ ကျော်နစ်နာနေပြီး စပါးတင်းတစ်ရာလျှင် ငွေကျပ်နှစ်သောင်းငါးထောင်ကွာခြားမှုရှိသည်ဟု သိရသည်။ **(ခင်ဆိုင်)**

ညောင်ဦးဆေးခတ်ထန်းလျက် ဈေးမြင့်တက်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)က ရှမ်းကြက်သွန်ဖြူ၊ ကြူကုတ်ကြက်သွန်ဖြူ၊ စားအုန်းဆီ၊ ညောင်ဦးဆေးခတ်ထန်းလျက်များ ဈေးတက်လာပြီး ကြက်သွန်နီ၊ ငရုတ်ပွ၊ ဒါးဇင်းမန်ကျည်းဈေးနှုန်းများ ကျလာသည်ဟု ဆိုသည်။

ဒီဇင်ဘာ ၂၉ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀-၅၅၀-၇၅၀-၉၅၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀-၁၇၀၀ နှုန်း၊ စားအုန်းဆီတစ်ပိဿာငွေကျပ် ၁၃၈၀နှုန်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၉၆၀၊ ဆိပ်ဖြူကြက်သွန်နီအသစ် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀-၇၅၀-၈၅၀-၉၀၀ နှုန်း၊ မြင်းခြံ (အသစ်) တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၉၀၀-၁၀၀၀ နှုန်း၊ မြစ်သားအသစ် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀-၁၀၀၀-၁၁၀၀-၁၂၀၀ နှုန်း၊ ဆင်ဖြူကျွန်းငရုတ်ပွ (အသစ်) တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀-၅၀၀၀ နှုန်း၊ ဒါးဇင်းမန်ကျည်း(အသစ်)တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ နှုန်းရှိကြောင်း သိရှိရသည်။

ယခုအခါ ဒိုင်စဖွင့်ရက်(တနင်္လာနေ့) ဒီဇင်ဘာ ၂၄ ရက် ဈေးနှုန်းများထက် ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ထူး-၁ အမျိုးအစား ၁၇၅ ကျပ်၊ ထူး-၄ အမျိုးအစား တစ်ပိဿာ ၇၅ ကျပ်၊ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ၁၇၅ ကျပ်၊ စားအုန်း ဆီတစ်ပိဿာ၁၅ကျပ်၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာငွေကျပ် ၁၅၀ နှုန်းမြင့်တက်လာသည်ဟု သိရသည်။

ကြက်သွန်နီအသစ်များသည် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင်၊ ဆင်ဖြူကျွန်း ငရုတ်ပွတစ်ပိဿာငွေကျပ် ၁၅၀၀၊ ဒါးဇင်းမန်ကျည်း(အသစ်) တစ်ပိဿာ ငွေကျပ် ၁၅၀ ဈေးကျလာသည်ဟု သိရသည်။ စားအုန်းဆီပြည်ပ FOB မလေးရှားတစ်တန်လျှင် ဒေါ်လာ ၈၁၀ နှုန်း၊ အရင်းဈေးငွေကျပ် ၁၃၄၅၊ ဒီဇင်ဘာ ၁၀ ရက်တွင် ပြည်တွင်းလက်ကား ရောင်းဈေး တစ်ပိဿာငွေကျပ် ၁၃၀၀ ရှိပြီး FOB ဈေးတစ်တန် ဒေါ်လာ ၈၁၀ နှုန်း၊ အရင်းဈေး ၁၃၅၂ ကျပ်ရှိသော ဒီဇင်ဘာ ၂၆ ရက်တွင် ပြည်တွင်းရောင်းဈေး တစ်ပိဿာလျှင် ၁၃၅၂ကျပ်ဖြစ်ကြောင်း၊ FOB တစ်တန်ဈေး ၈၁၅ဒေါ်လာရှိသော အရင်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၃၇၀ ရှိသည့် ဒီဇင်ဘာ ၂၈ ရက်တွင် တစ်ပိဿာလျှင် ၁၃၇၅ကျပ်ဖြင့် ဈေးကွက်တွင် ရောင်းချနေရာ ပြည်တွင်းစားအုန်းဆီရောင်းချဈေးသည် ဈေးတက်လိုသည့် အချိန်တွင် ပြည်ပဈေးနှုန်းကို အကြောင်းပြပြီး ဈေးနှုန်းကျလိုသည့်အခါ အကြောင်းပြပြောဆိုခြင်းမရှိဟု သိရသည်။

ညောင်ဦး ဆေးခပ်ထန်းလျက် ဈေးနှုန်းများ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀ ဝန်းကျင်ဈေးတက်နေသော်လည်း သကြား၊ ကြံသကာဈေးနှုန်းများ ကျဆင်းနေပြီဖြစ်ရာ ကြံနှင့်သကြားမှ ထန်းလျက်ပြောင်းလဲချက်လုပ်ကြမည်ဖြစ်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ဒေသမှထွက်ရှိသော မန်ကျည်းတောင့်ထန်းလျက်များ ဈေးကွက်သို့ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀-၇၀၀ ဝန်းကျင်ဖြင့် ဝင်ရောက်မှုရှိလာသောကြောင့် ညောင်ဦးဆေးခပ်ထန်းလျက် ဈေးမြင့်မှ ပြန်လည်ကျဆင်းနိုင်သည်ဟု သိရသည်။

ရှမ်းကြက်သွန်ဖြူ အသစ်ထွက်ပေါ်ရန် နှစ်လနီးပါးလိုသေးသော်လည်း လှောင်လက်များလက်တွင် ပိဿာချိန်ဆယ်သိန်းဝန်းကျင်ရှိနေရာ ဈေးကွက်ဝယ်လိုအားများနေသည်ဟု ကြက်သွန်ဖြူဈေးကွက်မှ သိရသည်။ **(ခင်ဆိုင်)**

ရန်ကုန်-မော်ကျွန်းလမ်းပြုပြင်ထား ယာဉ်များလမ်းခရီးအချိန်မြန်လာ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်-မော်ကျွန်း မိုင်(၁၀၀)ဝန်းကျင်ကားလမ်းတွင် လမ်းများပြုပြင်ထားသဖြင့် လိုင်းကားများ ၅ နာရီခွဲဝန်းကျင် ပြေးဆွဲနေရာမှ ယခုအခါ ၄ နာရီခွဲဝန်းကျင်သာ အချိန်ကြာမြင့်မှုရှိလာကြောင်း၊ စီးလုံးတက္ကစီယာဉ်များသည်လည်း ဒေးဒရဲ-ဖျာပုံ-ဘိုကလေးကားလမ်းကဲ့သို့ ရန်ကုန်-မအူပင်-ရေလဲကလေး-ကျိုက်ပိ-မော်ကျွန်းကားလမ်းတွင် စတင်ပြေးဆွဲလာရာ မော်ကျွန်းမှ နံနက် ၅ နာရီဝန်းကျင်ပြေးဆွဲပြီး ရန်ကုန်မှ မွန်းလွဲ ၁ နာရီဝန်းကျင် မော်ကျွန်းသို့ ပြေးဆွဲရာလိုင်းကားခရီးစဉ်ထက် အချိန်သက်သာမှုရှိလာကြောင်း ဒေသခံ ဦးပြုံးက ပြောပြသည်။

မော်ကျွန်းမှ ရန်ကုန်သို့နေ့စဉ်လူစီးသီးသန့်ရှပ်ပြေးအမြန်ယာဉ်တစ်စီး၊ ရှပ်ပြေးနှစ်ထပ်သင်္ဘောတစ်စီး၊ လူစီးကုန်တင် ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်နှစ်စီး၊ ပြည်တွင်းရေကြောင်းတစ်စီး၊ တစ်ရက်လျှင် ငါးစီးပြေးဆွဲနေသကဲ့သို့ ကားလမ်းခရီးဖြင့် ခရီးသည်တင်ယာဉ်များ၏ တစ်ရက်ငါးကြိမ်ပြေးဆွဲနေရာ ည ၁၀ နာရီတွင် မော်ကျွန်းမှ ထွက်ခွာမောင်းနှင်ပြီး ရန်ကုန်သို့ နံနက် ၄ နာရီဝန်းကျင်ရောက်ရှိရာ ရေလမ်းခရီးအစား အချိန်သက်သာစွာဖြင့် ကားလမ်းခရီးများသွားလာနိုင်ပြီဟု ဒေသခံများက ဆိုသည်။

ကိုယ်ပိုင်ယာဉ်ငယ်များသွားလာရာတွင် ယခင်လေးနာရီကြာသွားလာနေရာမှ ယခုအခါ လမ်းကိုစက်ဖြင့်ညှိပေးထားသဖြင့် ယခုအခါ သုံးနာရီခန့်သာ မောင်းနှင်ရကြောင်း၊ စီးလုံးတက္ကစီများအနေဖြင့် ခရီးသည် ခုနစ်ဦးတင်ဆောင်ပြီး ကားခမှာကျပ်ငါးသောင်းသာကျကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း မတိုက်ခတ်မီရေလမ်းကိုသာ အားကိုးသွားလာနေရာမှ ယခုအခါအခြားမြို့နယ်များနည်းတူ ကားလမ်းခရီးဖြင့် ခရီးသည်ယာဉ်လိုင်း၊ စီးလုံးငှားတက္ကစီများဖြင့် သွားလာနိုင်ပြီဖြစ်ရာ ကုန်တင်ယာဉ်များပြေးဆွဲနိုင်သည်အထိလမ်းများ၊ တံတားငယ်များ ကြံ့ခိုင်ကောင်းမွန်လာရန် လိုအပ်နေကြောင်း၊ ဖောက်လုပ်ဆဲခရီးရှည် ၆၆ မိုင်ရှိ ဘိုကလေး-မော်ကျွန်း-ကျုံမငေး-မြောင်းမြကားလမ်း ဖွင့်လှစ်ပြီးချိန်တွင် မော်လမြိုင်ကျွန်းမှ ရန်ကုန်ကို ကားလမ်းနှစ်လမ်းဖြင့် ရွေးချယ်သွားလာနိုင်သကဲ့သို့ တိုင်းဒေသကြီးမြို့ဖြစ်သော ပုသိမ်သို့ ခရီးမိုင် ၆၀ ဝန်းကျင်သက်သာသွားမည်ဟု သိရသည်။ **(ခင်ဆိုင်)**

ဂီဝိတဒါန အောက်ဆီဂျင်အလှူတော်အဖွဲ့ တစ်နှစ်ပြည့်အထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

သာကေတမြို့နယ် (၇) အရှေ့ရပ်ကွက် အိုတူးကုသိုလ်ဖြစ်အသက်ကယ် အောက်ဆီဂျင် ၂၄ နာရီ အခမဲ့အလှူတော်အဖွဲ့ တစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉ နာရီက အောင်သပြေလမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ ဝိရိယာဓိက သာသနာ့ဗိမာန်မဟာဗောဓိခတ်တော်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် (၇) အရှေ့ရပ်ကွက် ကရုဏာလူမှုကူညီစောင့်ရှောက်ရေးအသင်းနှင့် တောင်ဥက္ကလာပမြို့နယ် မာဃအောက်ဆီဂျင်အလှူတော်အဖွဲ့တို့က အောက်ဆီဂျင်စက်တစ်လုံးစီ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇော်က တစ်နှစ်တာအတွင်း လူနာပေါင်း ၁၀၇၂ ဦးတို့အား အောက်ဆီဂျင်အိုပေါင်း ၃၈၀၀ ကျော် တန်ဖိုးငွေကျပ် သိန်း ၁၃၀ ကျော်တို့ကို လှူဒါန်းနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။ **(လှိုင်ကြည်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	**နှစ်သစ်အခါတော်မင်္ဂလာ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၅၆)
၇း၃၀	MRTV- 4 သတင်း
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ** (အပိုင်း-၂၁)
၁၁း၂၀	Motivation Talk (Follower Ship) (အပိုင်း-၂)
၁၁း၃၀	Minute to Win It
၁၂း၁၅	ဝေလှေ့ရိုးရာမမေ့သာ
၁၂း၃၀	သွားမယ်စားမယ် (Cafe Vanilla)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၅၆)
၄း၅၀	မန္တလာမြေ၏ ဂုဏ်ယူဖွယ်ရာ ဝေရောစန ကျောက်စိမ်းစေတီတော်
၅း၂၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၅	Happy Independent 2013
၈း၀၀	MRTV-4 သတင်း
၈း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love **အချစ်သင်္ကေတ** (Season-2) (အပိုင်း-၆)
၁၂း၃၅	မြတ်ဗုဒ္ဓဒေသနာဖြန့်ဝေဖြာ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ
၁၂း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ** (အပိုင်း-၂၂)
၂း၅၅	ကမ္ဘာ့စုံလင်အားကစားအစီအစဉ်

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုပေး

ရန်ကုန် ဒီဇင်ဘာ ၃၁

(၆၅)နှစ်မြောက်လွပ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲဆုပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဒီဇင်ဘာ ၃၀ ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ကျင်းပရာ ကလေးအမြွှာပြိုင်ပွဲ အထူးဆုရသူ မိခင်နှင့်ကလေးတို့အား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းက ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ မှပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူ သားကောင်းမိခင် ငါးဦး၊ မွေးစမှခြောက်လအရွယ်ကလေးသုံးဦး၊ ခြောက်လမှ တစ်နှစ်အရွယ်ကလေးသုံးဦး၊ တစ်နှစ်မှ နှစ်နှစ်အရွယ်ကလေးသုံးဦးတို့အား မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်သန်း (မင်္ဂလာတောင်ညွန့်)**

ပြည်တွင်းသတင်း

◆ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများ၏ နှစ်စဉ် ဘဏ္ဍာငွေအရ အသုံးအခြေအနေများအပေါ် မူတည်၍ အကောင်အထည်ဖော် လုပ်ဆောင်ကြရခြင်းဖြစ်ပါကြောင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ဘတ်ဂျက်သည် အမျိုးသားစီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံ သုံးစွဲမည်၊ မည်သို့ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို ငွေကြေးကိန်းဂဏန်းဖြင့် ပြုစုဖော်ပြချက် စာရင်းဇယားများ ဖြစ်ပါကြောင်း၊ တစ်နည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်စဉ် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ဘတ်ဂျက်ရေးဆွဲခြင်းသည် နိုင်ငံတော်အတွက် များစွာအရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ဘဏ္ဍာငွေအရအသုံးများကို လျာထားမှုအခြေအနေများနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေမှု အခြေအနေများမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ရေးဆွဲမှုစနစ်အား နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်လာအောင် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ လွှတ်တော်ကော်မတီများ၊

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုနှင့် တိုင်း ဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်ရေးနှင့် ပတ်သက်ပြီး ဒုတိယသမ္မတများ ဦးဆောင်က တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုကိုလည်းတွေ့ရှိရပါကြောင်း၊ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်စေရန်၊ တစ်ဦးကျဝင်ငွေမြင့်မားလာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များကလည်း လိုအပ်သောအသုံးစရိတ်များကို သုံးစွဲဆောင်ရွက်နိုင်အောင် ပြည်ထောင်စုက ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

အစွန်းရရှိသည့် အဖွဲ့အစည်းများရှိသကဲ့သို့ အမြတ်အစွန်းမရရှိသည့် အဖွဲ့အစည်းများလည်းရှိနေသည်ကိုတွေ့ရပါကြောင်း၊ အမြတ်အစွန်းရရှိသည့်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အတွက် ရငွေကို ကြီးမားစွာ အထောက်အကူဖြစ်နေသော အဖွဲ့အစည်းများဖြစ်၍

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင် (၃/ ၂၀၁၂) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားဖြင့် လာမည့်ဘဏ္ဍာရေးနှစ် အတွင်း ဖြစ်ပေါ်လာမည့် ငွေကြေးကိစ္စများကို ကြိုတင်ခန့်မှန်းတွက်ချက်သည့် နှစ်စဉ် ဘဏ္ဍာရေးစာရင်းဖြစ်ပြီး ဖြစ်ပေါ်လာမည့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေအရ လိုအပ်ချက်များကို ကြိုတင်အစီအစဉ်ပြုလုပ်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်လုပ်ငန်း အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသား စီးပွားရေးစီမံကိန်းနှင့် ဆက်စပ် အကောင်အထည်ဖော်နိုင်ရန် စီမံခြင်းစသည်တို့ကို လုပ်ဆောင်နိုင်မည် လွှတ်တော် ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များ၊ တိုက်တွန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ခြင်း၊ နိုင်ငံတော်၏ ရငွေ အရင်းအမြစ်များကို အကောင်းဆုံး ခွဲဝေအသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်းစသည်တို့ကြောင့် ဘတ်ဂျက်ရေးဆွဲမှုကိုလည်း သုံးသပ်ပြင်ဆင်ရေးဆွဲတင်ပြလျက်ရှိသည်ကို တွေ့ကြရပါကြောင်း။

နောက်တစ်ချက် ပြောကြားလိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကိစ္စ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စနစ်တကျ စီမံဖွဲ့စည်း၍ နိုင်ငံတော်ပံ့ပိုးကူညီ မတည်မှုဖြင့် ခိုင်မာစွာရပ်တည်ဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သော်လည်း နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများအရ အမြတ်တာဝန်ရှိသူများက ပိုမိုတိုးတက်မှုရှိရန် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ အမြတ်အစွန်း မရရှိသော အဖွဲ့အစည်းများနှင့် ပတ်သက်၍ အမြတ်မရရှိသည့် အကြောင်းအရင်းများကို သုံးသပ်ဖော်ထုတ်ခြင်း၊ ပြည်သူလူထုအတွက် လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်ပေးရသော လုပ်ငန်းများမှလွဲ၍ နိုင်ငံတော်၏ဘတ်ဂျက်အပေါ် မှီခိုနေရမှုမှ လွတ်ကင်းစေရန် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် အရင်းအနှီးလိုအပ်ချက်များကို ပြည်တွင်းမှသာမက ပြည်ပကိုပါဖိတ်ခေါ်၍ ဖြည့်ဆည်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များအတွက် နိုင်ငံတော်ဘတ်ဂျက်ကသာ အားလုံးကျခံရင်းနှီးရန်အတွက် လုံလောက်မှုရှိမည် မဟုတ်ကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရသော ရင်းနှီးမြှုပ်နှံမှုများရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုများလည်း ရှိမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ပိုမိုထိရောက်ကောင်းမွန်သောစနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များနှင့်အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်း ဆွေးနွေးကြပြီး လိုအပ်သည်များကို အကြံပြုတင်ပြကြပါရန် ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများက ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ခုဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဘဏ္ဍာရေးကော်မရှင်

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတဦးညွန့်ဏ်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ်များက ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရသုံးခန့်မှန်းခြေငွေစာရင်းများကို အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့မှု၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က ဒေသအလိုက်နှင့် ကဏ္ဍအလိုက်ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများ၌ ငွေစာရင်းလုပ်ငန်းကျွမ်းကျင်သူ ဝန်ထမ်းများအား ခန့်ထားပြီး ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နိုင်နင်းအောင်ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် တစ်ဖက်ကလည်း ယင်းငွေများကို ပြန်လည်ရရှိအောင်၊ အကျိုးရှိအောင် သုံးစွဲမည်ဟု ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအား ပိုမိုစည်းကမ်းပြည့်ဝပြီး စိတ်ထားခံယူချက်ကောင်းမွန်သူများဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများသက်သာချောင်ချိရေးကိုလည်း အလေးထား

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

✻ *ကျောဖုံးမှ*

ဇနီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်တွင် ပျော်ရွှင်စရာဂုဏ်ပြုပွဲ (ဝေဂါလူမျိုးစုပေါင်းအက)၊ အမျိုးသမီးတစ်ကိုယ်တော်သီဆိုမှု၊ ဒိုးပတ်အက (မြန်မာ)၊ ပျော်ရွှင်သော လုလင်များ (ကျွမ်းဘားတင်ဆက်မှု)၊ အရောင်အသွေးလှပသော ခါးပတ်(ဝေဂါလူမျိုးတို့၏ ဟာသနှောသည့်အက)၊ ရုပ်သေးနှင့်လူ နှစ်ပါးတူအက(မြန်မာ)၊ တစ်ကိုယ်တော်တီးခတ်တင်ဆက်မှု(ဝေဂါလူမျိုးတေးဂီတ)၊ ဝေဂါလူမျိုးစုပေါင်းအက၊ စည်တိုယိမ်းအက(မြန်မာ)၊ အမျိုးသားတစ်ကိုယ်တော်သီဆိုမှု၊ ပန်းကန်လုံးရွက်အက(မြန်မာ)၊ အမျိုးသမီးတစ်ကိုယ်တော်သီဆိုမှု၊ တရုတ်တေးသီချင်း (အဆို) (မြန်မာ)၊ ဝေဂါလူမျိုးစုပေါင်းအကတို့ဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၅) နှစ်မြောက် လွတ်လပ်ရေ...
ကျေးလက်ကျောက်ချော...

ညောင်တုန်း ဒီဇင်ဘာ ၃၁

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်တုန်း-တာကွေ့-ပုသိမ်လမ်းနှင့် ဆက်သွယ်သွားလာနိုင်မည့် နတ်ပေး-စားကျက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယင်းလမ်းမုခ်ဦး၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ချောလမ်းတည်ဆောက်မှုနှင့်ပတ်သက်၍ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ

င်စုရှေ့နေချုပ်နှင့်
ချုပ်တို့က ဒေသ
ိုက်ရသုံးခန့်မှန်း
င်ရာကိစ္စများကို
ည်။
ာရေးကော်မရှင်
ာ ဦးသိန်းစိန်က
ပြောကြားရာတွင်
ငွေစာရင်းလုပ်ငန်း
န်ထမ်းများအား
ုံးဆိုင်ရာကိစ္စရပ်
င်ကိုင်တွယ်ထိန်း
်သွားရန် လိုအပ်

ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင် အဆင့်ဆင့်ကွပ်ကဲမှုစနစ်ဖြင့် တာဝန်ပေးသွားရန်ဖြစ်ကြောင်း။

မိမိတို့၏ လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်အမှန်ကို သိရှိပြီး ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏အကျိုးကို စေတနာထားဆောင်ရွက်မှသာ ပြည်သူများက ယုံကြည်အားကိုးလာမည် ဖြစ်ကြောင်း၊ ပြည်သူနှင့် အမြဲထိတွေ့နေ

လိုအပ်ကြောင်း၊ ထိုသို့ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် စည်းလုံးညီညွတ်မှုသည် အဓိကမောင်းနှင်အား ဖြစ်ကြောင်း၊ မိမိတို့ဌာနတွင်းတွင်လည်းကောင်း၊ ပြည်သူများနှင့်လည်းကောင်း စည်းလုံးညီညွတ်မှု စွမ်းအားများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား ဘဏ္ဍာရေးကော်မရှင်

၂၀၁၃ ခုနှစ်၊ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

၃။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ အကျိုးစီးပွား ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေး။

အလှဆင်မည် ငါတို့ပြည်

❊ လျှိုနှင့် မြောင်ကြော၊ တောင်နှင့် တောလည်း
သာမောပေသည် ငါတို့ပြည်။

❊ စေတီနှင့် ကျောင်း၊ ကန်နှင့် ချောင်းလည်း
တင့်ကောင်းပေသည် ငါတို့ပြည်။

❊ မေတ္တာ သစ္စာ၊ စေတနာလည်း
ဝေဆာပေသည် ငါတို့ပြည်။

❊ ငါတို့ပြည်ကား
နေခြည်ထဲတွင်၊ ရွှေခဲဆင် သို့
ကောက်ပင်သီးနှံ၊ ပွင့်ပန်းမန်တို့
အလျှံပယ်မျှ၊ ပေါကြွယ်လှ၏။

❊ ငါတို့ပြည်ကား
လေပြည်ထဲတွင်၊ မြခဲဆင် သို့
ကျွန်းပင် စိမ်းစိမ်း၊ တောစိမ်းစိမ်းနှင့်
နွဲ့ယိမ်းနွဲ့လျ၊ ရှုတိုင်းလှ၏။

❊ အလှရွှေပြည်၊ ငါတို့ပြည်အား
ချစ်ကြည်သောစိတ်၊ မြတ်နိုးစိတ်ဖြင့်
အေးရိပ်ဝေဝေ၊ ခိုင်မြဲစေရန်
ရေကြည်မြနှစ်၊ ကိုက်သရစ်နှင့်
ပျိုမျစ်ရှင်လန်း၊ စဉ်ငြိမ်းချမ်းလျက်
ပန်းစုံပွင့်ကာ၊ ရှုတိုင်းသာရန်
ကာကွယ်နိုင်ဖို့၊ ထိန်းသိမ်းဖို့လျှင်
ငါတို့တာဝန် ပေတကား။ ။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မြင်းမူမောင်နိုင်မိုး



...စိုင်းမောက်ခမ်း
(သတင်းစဉ်)

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာငွေများကို
ကလည်း ယင်း
ည်ရရှိအောင်၊
မည်ဟု ရည်ရွယ်
စ်ကြောင်း။
းအား ပိုမို
တ်ထားခံယူချက်
အောင် ဆောင်
မ်းများသက်သာ
အလေးထား

သောရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူနှင့်ဆက်ဆံဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရန်လိုကြောင်း။

ခေါင်းဆောင်များအနေဖြင့် မိမိဒေသ၊ မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် အမြဲတွေးတောကြံဆနေရန်နှင့် တီထွင်လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ထို့အပြင် တိုးတက်သောအမြင်ရှိရန်လည်း

သို့ တင်ပြခြင်းမပြုမီ (၄)ကြိမ်တိုင် စိစစ်ခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင်လည်း ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေနှင့်ဂျီဒီပီအချိုးမှာ သတ်မှတ်ချက်အတွင်း ရှိစေရန်အတွက် ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်မှာခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

...ြာက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ...လက်ကျောက်ချောလမ်းသစ်ဖွင့်

...ဘာ ၃၁
... လွတ်လပ်ရေး
...သောအားဖြင့်
...-ပုသိမ်လမ်းနှင့်
...မည့် နတ်ပေး-
...လမ်းသစ်ဖွင့်ပွဲ
...င်းလမ်းမုခ်ဦး၌
...နက် ၈ နာရီက
... ကျောက်ချော
...နှင့်ပတ်သက်၍
...စည်ပင်သာယာ
...က်အင်ဂျင်နီယာ

ဦးသန့်ဇော်လွင်က ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ရပ်မိရပ်ဖဦးကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လှမင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီမှဦးဇော်မိုးတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကျောက်ချောလမ်းမှာ ပေ ၂၅၀၀ ရှည်လျားကြောင်းသိရှိရသည်။ (၀၈၂)

မြဝတီရုပ်မြင်သံကြား

၁-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၂၀	မျိုးချစ်တပ်မတော်
၇း၂၉	မြန်မာ့ရှုခင်း
၇း၄၃	မြန်မာသံစဉ်ချိုနားဝင်
၇း၅၃	သာယာသီကြွေးခေတ် ဆန်းတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	မှတ်တမ်း

ညပိုင်း

၄း၀၂	နိုင်ငံတော်သီချင်း
၄း၀၃	အဖွင့်သီချင်း
၄း၀၈	အမျိုးသားရေးတေးကဗျာ
၄း၁၃	မျိုးချစ်တပ်မတော်
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင် ဒုတိယတွဲ** (အပိုင်း -၆၆)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	ယနေ့ရန်ကုန်မြင်ကွင်းစုံ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆံမြိတ်မပြေပန်းမကြွေ** (အပိုင်း -၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	အမျိုးသားရေးတေးကဗျာ
-	ဒို့တာဝန်အရေး(၃)ပါး
-	နိုင်ငံတကာသတင်း
-	မိုးလေဝသသတင်း
-	ဟာသရုပ်စုံ
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးအောက်မြေပြင်** (အပိုင်း-၂၀)
-	မြဝတီရုပ်မြင်သံကြားသတင်း

မိမိတာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းများကို ကျွမ်းကျင်နားလည်အောင် လေ့လာသင်ယူ

နေပြည်တော် ဒီဇင်ဘာ ၃၁

ကျန်းမာရေးဦးစီးဌာန အနေဖြင့် နိုင်ငံတော်မှ ခွဲဝေချထားပေးသော ဘဏ္ဍာငွေများ ထပ်မံတိုးမြှင့်ပေးခြင်းဖြင့် ဆေးရုံများအတွက်လိုအပ်သော ဆေးဝါးများ ဖြည့်တင်းရေးအတွက် အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း၊ ဆေးရုံများအတွက် လိုအပ်သော ဆေးဝါးများအား ဖြည့်တင်းရာတွင် ဆေးကုမ္ပဏီများမှ တင်သွင်းသော အရေအတွက်သည် ဆေးရုံများ၏ လိုအပ်သည့် အရေအတွက် ပြည့်မီလုံလောက်ရန် အခက်အခဲရှိမည်ဖြစ်ကြောင်း၊ ဆေးဝါးများ ဝယ်ယူစုဆောင်းဖြန့်ဖြူးရေးလုပ်ငန်းကို ယခင်က ဗဟိုဆေးသိုလှောင်ရေးဌာနမှ တာဝန်ယူဆောင်ရွက်နေရာမှ မြို့နယ်ဆေးရုံ၊ တိုက်နယ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးများကို ဝယ်ယူပြီး တိုက်ရိုက်ဖြန့်ဖြူး သိုလှောင်ထားရှိနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများက တာဝန်ယူ ဝယ်ယူသိုလှောင် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် **(အောက်ပုံ)** က ယနေ့မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည့် ကျန်းမာရေး ဦးစီးဌာန၏ ၂၀၁၂ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ယခုအချိန်ခါသည် ခေတ်စနစ်ပြောင်းလဲချိန်ဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်ရာ၌ လုပ်နည်းလုပ်ဟန်ပြောင်းရန် လိုအပ်လာသည့်အတွက် အတွေ့အကြုံ၊ လေ့လာမှု၊ စိတ်ဝင်စားမှုများသည် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးများအနေဖြင့် မိမိတာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းများကို ကျွမ်းကျင်နားလည်အောင် လေ့လာသင်ယူရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသော ဆေးရုံအကျိုး၊ ဌာနအကျိုး ဖွံ့ဖြိုးတိုးတက်အောင်နှင့် လုပ်ဖော်ကိုင်ဖက်များ တိုးတက်မှုရှိအောင် အချိန်ယူ စဉ်းစားဆောင်ရွက်ပေးကြရန်နှင့် ဌာနတွင်း စည်းလုံးညီညွတ်မှုရှိအောင် အမြဲတမ်း ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေသခံပြည်သူများ၏လိုအပ်ချက်ပေါ်မူတည်၍ ကျေးရွာသုံးစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးတည်ထောင်

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၉ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာနှင့် မုံရွာမြို့နယ် ကြီးအုပ်ကျေးရွာတို့၌ကျင်းပသော ထင်းအစားအခြားလောင်စာသုံး စွမ်းအားမြင့်မီးဖိုအသုံးပြုခြင်းပညာပေး ဟောပြောပွဲနှင့် မီးဖိုများအခမဲ့ဖြန့်ဝေပေးခြင်း အခမ်းအနားများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင် **(အပေါ်ဝဲပုံ)** တက်ရောက်အားပေး၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပုဂ္ဂလိက စွမ်းအားမြင့် မီးဖိုထုတ်လုပ်ခြင်းအလုပ်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ မုံရွာမြို့နယ် ဗောဓိတစ်ထောင်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ကြိုးဝိုင်းရှိ ၁/၂၀၁၁ ခုနှစ် ကျေးရွာသုံးသီးနှံ သစ်တောရောနှောစိုက်ခင်းနှင့် စစ်ကိုင်းမြို့နယ် ကောင်းမှုတော်ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဗောဓိတစ်ထောင် ပျိုးဥယျာဉ်နှင့် ဖိုလ်ဝင်တောင်ကြိုးဝိုင်းရှိ ၁/၂၀၁၁ သီးနှံသစ်တောရောနှောစိုက်ခင်းစခန်းတို့တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ၌ ဒုတိယဝန်ကြီးက ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်ခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ ဒေသခံပြည်သူများမှ အမှန်တကယ်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ဒေသခံပြည်သူများ၏ နိစ္စဓူဝအဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် ထင်းလိုအပ်ချက်ကို ၎င်းတို့၏ဘဝနှင့် ဆန္ဒများနှင့်အညီ ဖြည့်ဆည်းနိုင်ရေးအတွက် စိုက်ခင်းတည်နေရာနှင့် သစ်မျိုးများရွေးချယ်စိုက်ပျိုးနိုင်ရန် ဝန်ထမ်းများက ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံညှိနှိုင်းပြီးမှဆောင်ရွက်ရန်၊ ကျေးရွာသုံးစိုက်ခင်းများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်ပေါ်မူတည်၍ တိုးချဲ့စိုက်ပျိုးတည်ထောင်ဆောင်ရွက်ရန်၊ စိုက်ခင်းတည်ထောင်သည့် ရန်ပုံငွေများသည် အခွန်ထမ်းပြည်သူများက ထည့်ဝင်ထားသော ပြည်သူ့ဘဏ္ဍာငွေများဖြစ်သဖြင့် စိုက်ခင်းများ စနစ်တကျအောင်မြင်အောင် စိုက်ပျိုးထိန်းသိမ်းရန်နှင့် စိုက်ဧပြည့်မီရေး၊ လုပ်ငန်းများ စံချိန်မီရေးနှင့် စိုက်ပင်များ ရာနှုန်းပြည့်ရှင်သန်အောင်မြင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

စီးပွားရေးမြို့တော်ရန်ကုန်၌ မြို့နယ်အလိုက် သန့်ရှင်းရေးနှုန်းများ ပြင်ဆင်မည်

ရန်ကုန်   ဒီဇင်ဘာ   ၃၁

စီးပွားရေးမြို့တော် ရန်ကုန်တွင် လူဦးရေထူထပ်လာသည်။ တိုက်တာ နေအိမ်အဆောက်အအုံများ တိုးတက်များပြားလာသည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး လူနေမှုပုံစံများလည်း ပြောင်းလဲလာမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးက အရေးကြီးလာသည်။

ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သန့်ရှင်းရေးလုပ်ငန်းများ ပိုမိုဝန်ဆောင်မှုပေးရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သန့်ရှင်းရေးနှုန်းထားများကို ပြောင်းလဲသတ်မှတ်မည် ဖြစ်ကြောင်း ဒုတိယဌာနမှူးဦးခင်ဝင်းက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့နယ်အလိုက်သန့်ရှင်းရေးနှုန်းထားတွေ ပြောင်းလဲပြင်ဆင်ကောက်ခံသွားမှာပါ။ ဒါကလည်း ဖွံ့ဖြိုးတိုးတက်မှုရှိလာတဲ့ မြို့နယ်တွေကို သတ်မှတ်ပြီး ပြင်ဆင်ကောက်ခံမှာဖြစ်ပေမယ့် တချို့မြို့နယ်တွေကိုတော့ ယခင်နှုန်းအတိုင်းပဲ ထားရှိသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ၌ ပြောကြားသည်။

ထိုသို့သန့်ရှင်းရေးနှုန်းထားများ ပြင်ဆင်ပြောင်းလဲရာတွင် ရန်ကုန်မြို့လယ်ဖြစ်သည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်များတွင် ယခင်က ကောက်ခံသည့် နှုန်းထားဖြစ်သည့် သုံးလ (တစ်ကွာတာ)လျှင် မူလအတိုင်း ငွေကျပ် ၁၈၀၀ သာ ဆက်လက်ထားရှိမည် ဖြစ်သည်။

ထို့အတူ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဒလမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်များကိုလည်း ယခင်အတိုင်း သန့်ရှင်းရေး ဆောင်ရွက်ခ နှုန်းထား သုံးလ (တစ်ကွာတာ) လျှင် ငွေကျပ် ၉၀၀ နှုန်းသာ ဆက်လက်ထားရှိမည် ဖြစ်သည်။

"ရန်ကုန်မြို့လယ်မှာရှိတဲ့ မြို့နယ်တွေလို လူနေထိုင်မှု ဖွံ့ဖြိုးတိုးတက်လာတဲ့ ဆက်စပ်မြို့နယ်ကိုးမြို့နယ်နဲ့ လူနေထိုင်မှုများပြားစည်ကားလာတဲ့ မြို့နယ် ၁၀ မြို့နယ်ကိုတော့ ယခင်နှုန်းထားကို ပြင်ဆင်ပြီး ပြောင်းလဲသတ်မှတ်သွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဦးခင်ဝင်းက ဆက်လက်

ရန်ကုန်မြို့လယ်ရှိ မြို့ပြလူနေထိုင်မှု ပုံရိပ်ကို တွေ့ရစဉ်။

ပြောကြားသည်။

သန့်ရှင်းရေးဆောင်ရွက်ခ ပြင်ဆင်ပြောင်းလဲမည့် ဆက်စပ်မြို့နယ် ကိုးမြို့နယ်မှာ ဒဂုံမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကမာရွတ်မြို့နယ်တို့ဖြစ်သည်။ ယင်းမြို့နယ်များတွင် ယခင်က သုံးလ(တစ်ကွာတာ)လျှင် ငွေကျပ် ၁၃၅၀ နှုန်းဖြစ်သော်လည်း ယခုလာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ (တစ်ကွာတာ)မှ စတင်ကာ ငွေကျပ် ၁၈၀၀ သို့ပြင်ဆင်ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်သည်။

ထို့အတူ လူနေထိုင်မှု ပုံစံတိုးတက်လာပြီး ဖွံ့ဖြိုးလာသည့် မြို့နယ် ၁၀ မြို့နယ်ဖြစ်လာသော သင်္ဃန်းကျွန်းမြို့နယ်၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ဒဂုံ (မြောက်ပိုင်း)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ယခင်က သုံးလ (တစ်ကွာတာ)အတွက် ငွေကျပ် ၉၀၀ သာ ဖြစ်သော်လည်း ယခုအခါ သုံးလ(တစ်ကွာတာ) ငွေကျပ် ၁၃၅၀ အထိ ပြင်ဆင်ပြောင်းလဲကောက်ခံသွားမည်ဖြစ်သည်။ ထိုသို့ပြင်ဆင်ပြောင်းလဲမှုနှုန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ(တစ်ကွာတာ)မှ စတင်မည်ဖြစ်သည်။

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် သတ်မှတ်ထားသော သန့်ရှင်းရေးနှုန်းထားများမှာ နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိနေသေးသည်။ ရန်ကုန်မြို့တော်သန့်ရှင်းရေးလုပ်ငန်းများအတွက် အမှိုက်ရှင်းလင်းရေးစနစ်တွင် အမှိုက်ကန်များသို့ အမှိုက်အိတ်များဖြင့် စွန့်ပစ်ခြင်း၊ ဝါးကပ်များကာရံထားသည့် အမှိုက်စွန့်နေရာများသို့ အမှိုက်များစွန့်ပစ်ခြင်းတို့ပြုလုပ်နေသော်လည်း မကြာမီ ဂျာမနီမှ မှာယူထားသော ပလတ်စတစ်အမှိုက်ပုံးကြီးများထားရှိ စွန့်ပစ်မှုစနစ်ကို ပြောင်းလဲသွားမည်ဖြစ်သည်။

အဆိုပါ အမှိုက်ပုံးများကို မော်တော်ကားပေါ် တိုက်ရိုက်သယ်ယူကာ အမှိုက်စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ရာ လူအင်အားနည်းနည်း မော်တော်ယာဉ်နှင့် အထောက်အကူပြုကိရိယာပစ္စည်းအင်အားများများဖြင့် အသုံးပြုသွားမည်ဖြစ်သည်။ ယခုအခါ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သည့် ၆၆၀လီတာဆံ့ ပလတ်စတစ်အမှိုက်ပုံး ၈၀၀နှင့် ၂၄၀လီတာဆံ့အမှိုက်ပုံး ၁၈၇၀ တို့ကို မှာယူထားပြီဖြစ်သည်။

ထို့ကြောင့် ရန်ကုန်မြို့တော်တွင် နောက်ပိုင်း၌ အမှိုက်အုတ်ကန်များ၊ ဝါးကပ်အမှိုက်ပုံနေရာများအစား အမှိုက်ပုံးကြီးများ ထားရှိဆောင်ရွက်သွားတော့မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အထူးစည်ကားသော ကောလင်းမြို့က အရုဏ်တက်ဈေးကြီး

ကောလင်းမြို့ပေါ် မြန်မာ့မီးရထားဘူတာရုံ၏ အရှေ့ဘက်အဆင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ညဈေးတန်းနယ်မြေဖြစ်သော တောင်နှင့်မြောက်ရှိ (၈)လမ်း၏ တောင်ဘက်တစ်ခွင်တွင် မြို့နယ်စည်ပင်သာယာ၏ အရှေ့နှင့် အနောက်ဈေးများရှိပါသည်။ ဈေးတောင်ဘက်တွင် အရှေ့အနောက်သွယ်တန်းနေသော မြို့ဝင်မြို့ထွက် ရွှေမင်းဝံလမ်းမကြီးရှိသည်။ အစုန်အဆန်ရထားများကြောင့် မြို့၏ အချက်အချာကျသော ထိုနေရာဝန်းကျင်ရှိ ညဈေးတန်း၌ ဆိုင်ကြီးကနားကြီးများဖြင့် နေ့စဉ်နေ့ရောညပါ အထူးစည်ကားလျက်ရှိသော မိုးလင်းပေါက် ညဈေးကြီးဖြစ်သည်။

ဖော်ပြပါနေရာ၏ တောင်မြောက်ထောင့်ကွေးလမ်းဆုံများအထိသည်ကား ညသန်းခေါင် ၁ နာရီခန့်မှ အရုဏ်တက်ပြီးနောက် စည်ပင်ဈေးမဖွင့်မီ နံနက် ၆ နာရီခန့်အထိ အထူးစည်ကားသိုက်မြိုက်လျက်ရှိပါသည်။ အကြောင်းမှာ အများပြည်သူတို့၏ ကုန်စိမ်းများ၊ ငါးကြီးငါးငယ်များ လက်လီလက်ကားရောင်းချသော ဈေးကြီးကြောင့် ဖြစ်သည်။ အဆိုပါ ဈေးများသည် နံနက်လင်း၍ စည်ပင်ဈေးဖွင့်ချိန်တွင် ဈေးအတွင်းသို့ ဝင်ရောက်ရောင်းချကြသည်။ အောက်ပိုင်းမှ ရထား၊ ကားများဖြင့် တင်ဆောင်လာသော ဂေါ်ရခါးသီး၊ အာလူး၊ ကြက်သွန်၊ ပန်းမုန်လာ၊ လိမ္မော်သီး၊ ပန်းသီးစသည့် ကုန်စိမ်းများ၊ ငါးကြီး ငါးငယ် စသည်တို့နှင့် အထက် မြစ်ကြီးနား ဘက်မှလာသော နာနတ်သီး၊ ပန်းသီး၊ လိမ္မော်သီးစသည်တို့ အပြင် ဝန်းသိုမြို့နယ် တစ်ဝန်းနှင့် ဝန်းသိုတောင်ဘက် ဒေါင်းရှူး (မြူး)ချောင်းရိုးဝန်းကျင်ရှိ စိန်လယ်၊ ဆီးဖြူပင်၊ ကျောက်ပေါက်ခုံ၊ ခွင်တောင်း၊ ကျိုင်းခွင်၊ ယောမြေနီစသည့်ရွာများမှ မုန်လာ၊ မုန်ညင်းမျိုးစုံ၊ ပန်းမျိုးစုံ စသည့်ကုန်စိမ်းများ ရောက်ရှိလာကြသည်။ ကောလင်း အနောက်ဘက်ရွာများဖြစ်ကြသော ခမောက်တောင်၊ လွှမောက်၊ ငွေးချို၊ ရွာဟောင်း၊ သဲကောစသည့်ရွာများမှလည်း အင်ဖက်၊ သပြေပန်း စသည်တို့နှင့် မြို့ပေါ် စိုက်ပျိုးရေးခြံထွက် ကုန်စိမ်းနှင့် ပန်းမျိုးစုံတို့သည်လည်းကောင်း၊ နယ်စုံမှ လာကြသော အုန်းသီး၊ ကြက်သွန်၊ ဒန့်သလွန်၊ ဩဇာသီး၊ မာလကာသီး၊ သင်္ဘောသီး၊ သံပရာသီး၊ ရှောက်သီး၊ ဘူးသီး၊ ဖရုံသီး၊ သခွားသီး၊ ခဝဲသီး၊ ငရုတ်သီး၊ ရုံးပတီသီး၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက် စသည်တို့လည်း ရောက်ရှိကြပါသည်။

ဈေးသည်များက ၎င်းကုန်ပစ္စည်းတို့ကို အထက်ပိုင်း၊ အောက်ပိုင်းများသို့ လက်လီလက်ကား ဝယ်ယူတင်ပို့ ရောင်းချကြပါသည်။ ကောလင်းမြို့နယ်တွင်လည်း လက်လီလက်ကား ပြန်လည်ရောင်းချကြပါသည်။ ကုန်စိမ်းဒိုင်၊ ငါးဒိုင်များဖြင့် မမောနိုင် မပန်းနိုင် ရောင်းဝယ်ကြသည်မှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဖြစ်ပါသည်။ ထိုကဲ့သို့ ထူးခြားစည်ကားသော အရုဏ်တက်ဈေးကြီးသည်ကား အထက်မြန်မာနိုင်ငံတစ်ဝန်းတွင် ကောလင်းမြို့ပေါ်၌သာ ထူးခြားစွာ ညစဉ်တည်ရှိနေသော ဈေးကြီးလည်းဖြစ်ပေသည်။

သတင်းမှတ်စု-မိုးနောင်(ကောလင်း)

ကျောင်းဆောင်သစ်များဖွင့်လှစ်ပွဲ လယ်ဝေးမြို့နယ်၌ ကျင်းပ

လယ်ဝေး   ဒီဇင်ဘာ   ၃၁

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်ပြီးစီးခဲ့သည့် လယ်ဝေးမြို့နယ် ကန်သာအုပ်စု ကန်သာ အထက(ခွဲ) ကျောင်းဆောင်သစ်နှင့် ချောင်းကျိုးအုပ်စု ချောင်းကျိုးမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲများကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကန်သာ အထက(ခွဲ)ကျောင်းဆောင်သစ် အဆောက်အအုံသည် (၉၉× ၂၀) ပေ အုတ်ညှပ်၊ သွပ်မိုးတစ်ထပ် အဆောက်အအုံဖြစ်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပညာရေးဌာနခွင့်ပြုငွေကျပ် သိန်း ၁၇၀ နှင့် မိဘပြည်သူထည့်ဝင်ငွေများဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး နံနက် ၁၀ နာရီတွင် ချောင်းကျိုးအုပ်စု ချောင်းကျိုးမူလတန်းလွန်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ခဲ့သည်။ အသစ်ဆောက်လုပ်ပြီးစီးသည့် ချောင်းကျိုးမူလတန်းလွန်ကျောင်းဆောင်သစ်မှာ (၈၁×၂၄) ပေ နှစ်ထပ်အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံဖြစ်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန ခွင့်ပြုငွေကျပ်သိန်း ၁၃၀ နှင့် မိဘပြည်သူများထည့်ဝင်ငွေများဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် မောင်မယ်သစ်လွင်ကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် မွေးမြူဆေးကုဆရာဝန်ကောင်းများ အားသစ်လောင်းမွေးဖွားလာခဲ့၍ နိုင်ငံတော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရမည့်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားထုတ်လုပ်မှုတန်ဖိုးသုံးဆအထိ တိုးတက်ထုတ်လုပ်သွားရန်လျာထားကြောင်း၊ နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသားလူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မှုလုပ်ငန်းသည် အရေးပါပြီး အဓိကကျသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများအလယ်ခိုင်မာ တောင့်တင်းပြီး ခံ့ညားထည်ဝါသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် စည်းလုံးညီညွတ်သည့်နိုင်ငံရေးအင်အား၊ ခိုင်မာတောင့်တင်းသည့် စီးပွားရေးအင်အားများအပြင် အသိဉာဏ်မြင့်မားပြီး စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်အင်အားများ လိုအပ်ကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဒီဇင်ဘာ ၃၀ ရက်နံနက် ၈ နာရီတွင် နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသော(၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ပြောကြားသည်။

ယနေ့တွင် တိရစ္ဆာန်မှ လူသို့ကူးစက်သောရောဂါများ တိုးတက်များပြားလာသဖြင့် စနစ်တကျကာကွယ်တားဆီး ထိန်းချုပ်ရေးနှင့် လူထုကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်လာသည့် နည်းပညာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးသွားရန်၊ နိုင်ငံတော်အတွက်နှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် FAO ၏ ရည်မှန်းချက်များအောင်မြင်စေရန်နှင့် စီးပွားဖြစ်မွေးမြူရေး အများပိုင်ကုမ္ပဏီကြီးများ ပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ၊ ဈေးကွက်ကြီးများ ရရှိလာစေရေး ပြည်တွင်းတွင် ကြိုးစားရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာနှင့် ဆက်နွယ်ဆက်စပ်ကာလုပ်ဖော်ကိုင်ဖက် ဆက်စပ်ဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်အကောင်အထည်ဖော်ကြရန်လိုကြောင်း။

ဆက်လက်၍ မောင်မယ်သစ်လွင်တို့အနေဖြင့် စီးပွားဖြစ်မွေးမြူတတ်သော မွေးမြူဆေးကုပညာရှင်များ ဖြစ်ရန်၊ စီးပွားဖြစ် မွေးမြူသည့်တိရစ္ဆာန်များ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်သော မွေးမြူဆေးကုဆရာဝန်ကောင်းများဖြစ်ရန်၊ လူထုကျန်းမာရေးအထောက်အကူပြု မွေးမြူဆေးကု ဆရာဝန်ကောင်းများဖြစ်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မွေးမြူဆေးကု ဆရာဝန်ကောင်းများ ဖြစ်ရေးကြိုးစားဆည်းပူး လေ့လာကြရန်နှင့် ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊ အသိပညာဗဟုသုတ ပြည့်စုံဖွံ့ဖြိုးရေး၊ ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်တတ်သည့် ပြည်သူ့သားကောင်း၊ သမီးကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန် မှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီး (ရန်ကုန်) ၏ ဗုဒ္ဓဓမ္မဒေသနာတော်များ အာဂုံဆောင်စာပြန်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး(ရန်ကုန်)၏ ဗုဒ္ဓဓမ္မ ဒေသနာတော်များ အာဂုံဆောင်စာပြန်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ပြိုင်ပွဲဝင်များက အကဲဖြတ်ပေးမည့် သံဃာတော်များထံ တစ်ဦးချင်းပါဝင် ယှဉ်ပြိုင်သည့် ပရိတ်ကြီး(၁၁)သုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌာန်းပါဠိတော်နှင့် မဟာသတိပဋ္ဌာန် ပါဠိတော်တို့ကို ရွတ်ဆိုပြိုင်ပွဲဝင် အာဂုံဆောင်စာပြန်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဗုဒ္ဓဓမ္မဒေသနာတော်များ အာဂုံဆောင်စာပြန်ပွဲသို့ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ လုပ်သားများကောလိပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်များမှ ပြိုင်ပွဲဝင် ၆၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲ့ထောင်ဖြင့် ခရီးကြုံလိုက်ပါလာသူ အရက်မူးပြီး ရေထဲပြုတ်ကျသေဆုံး

ဘိုကလေး ဒီဇင်ဘာ ၃၁

ဘိုကလေးမြို့နယ် ထိပ်သကံမြစ်အတွင်း ပဲ့ထောင်ဦးပေါ် ထိုင်၍လိုက်ပါလာသူ အရက်မူးပြီး ရေထဲပြုတ်ကျ သေဆုံးသွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ရက် ညနေ၆ နာရီခန့်က ဘိုကလေးမြို့နယ် ငမန်းချောင်းကျေးရွာနေ မသန်းနွဲ့ ၄၃ နှစ်သည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ အစ်ကိုဝမ်းကွဲတော်စပ်သူ ကိုသန်းမြင့် ၄၆ နှစ်နှင့် ခင်ပွန်းကိုသန်းဦး ၄၃ နှစ်သည် စပါးရောင်းရန် ခရီးကြုံပဲ့ထောင်ဖြင့် လိုက်ပါသွားရာ ကိုသန်းဦးက ပဲ့ထောင်ဦးထိပ်၌ ထိုင်၍ လိုက်ပါပြီး အရက်မူးနေသဖြင့် ငမန်းချောင်းကျေးရွာထိပ် သကံမြစ်အတွင်းအရောက်၌ ရေထဲပြုတ်ကျ သေဆုံးသွားသည်ဟု ကိုသန်းမြင့်က ပြန်ပြောသဖြင့် သိရှိရသည်။ မသန်းနွဲ့နှင့်အတူ ရွာသားများဝိုင်းဝန်း ရှာဖွေကြရာ ဒီဇင်ဘာ ၂၅ ရက် ညနေ၆ နာရီခွဲခန့်တွင် ငမန်းချောင်းကျေးရွာ အနောက်ဘက် ပေ ၂၀၀ ခန့်အကွာ ထိပ်သကံမြစ်အတွင်း၌ သေဆုံးသူ ကိုသန်းဦးအလောင်းကို ရှာဖွေတွေ့ရှိရသည်။

ပဲ့ထောင်ကို မဆင်မခြင် မောင်းနှင်သူ သန်းမြင့်အား အရေးယူပေးပါရန် မသန်းနွဲ့၏တိုင်တန်းချက်အရ ကမာကလူရဲစခန်းမှ အရေးယူထားရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

လမ်းလယ်ကျွန်းဓာတ်တိုင်ကို ကားဝင်တိုက်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၃၀ရက် ညနေ ၆ နာရီခန့်က ကမာရွတ်မြို့နယ် ရန်ကုန်- အင်းစိန်လမ်းမကြီးပေါ်ရှိ CP Fresh Mark ဆိုင်ရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော အောင်တံခွန်ယာဉ်လိုင်းမှ တိုက်ကြီး- သီရိမင်္ဂလာဈေးပြေးဆွဲလျက်ရှိသော ဟိုင်းလပ်အပြာရောင် ဘ/--- ယာဉ်သည် လမ်းလယ်ကျွန်းကြားတွင် စိုက်ထူထားသော ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ တိုက်မိမှုကြောင့် လမ်းလယ်တွင် စိုက်ထူထားသော ဓာတ်တိုင်မှာ ပြိုလဲပျက်စီးခဲ့သည်။ **(ဓာတ်ပုံ)**အဆိုပါ ယာဉ်ပေါ်တွင် ခရီးသည်ငါးဦး၊ ခြောက်ဦးခန့် လိုက်ပါလာပြီး ထိခိုက်မှုမရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

(၁၆၃)

ပြည်တွင်းသတင်းနှင့် မှုခင်း

လူသတ်မှုကျူးလွန်သူ အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံစေရန် မကွေးခရိုင်တရားရုံးက အမိန့်ချမှတ်

တောင်တွင်းကြီး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ လူသတ်မှုကျူးလွန်ခဲ့သူ အောင်မင်းအား အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံစေရန်ပြီးခဲ့သည့် ဒီဇင်ဘာ ၂၇ရက်က အမိန့်ချမှတ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ ပြီးခဲ့သည့်ဇူလိုင် ၂၈ရက် ည ၈နာရီခန့်က ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ မခင်ကြူသည် ယောက္ခမဖြစ်သူ ဒေါ်သန်းညွန့်၏ နေအိမ်တွင်ရှိနေစဉ် ခင်ပွန်းဖြစ်သူ အောင်လင်းနှင့် အောင်လင်း၏ညီဖြစ်သူ အောင်မင်းတို့ အရက်မူးပြီး တစ်ယောက်တစ်ခွန်းစကားများရာ၌ အောင်မင်းက ခင်ပွန်းဖြစ်သူ အောင်လင်းအား ဓားနှင့်ခုတ်သတ်ခဲ့ကြောင်း ဆတ်သွားရဲစခန်းသို့ အောင်လင်း၏ဇနီးဖြစ်သူ မခင်ကြူက လာရောက်တိုင်တန်းသဖြင့် ဆတ်သွားရဲစခန်းမှ ရဲအုပ်စခန်းမှူး ထွန်းထွန်းအောင်နှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အောင်မြင်သာကျေးရွာ၏ အရှေ့ဘက်ရွာပြင်ပတ်လမ်းပေါ်တွင် အောင်လင်းမှာ တောင်ဘက်သို့ခေါင်းပြု၍ မှောက်လျက်ပြတ်ရှဒဏ်ရာများဖြင့် နေရာတွင်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပြီး သေဆုံးသူအောင်လင်း၏ ဒဏ်ရာများကို စစ်ဆေးရာ ဝဲမျက်ခုံးအထက် သုံးလက်မခန့်ပြတ်ရှ ဒဏ်ရာတစ်ချက်၊ ယာနားရွက်အောက် နောက်စေ့မှပါးစပ်ထိ မျက်နှာယာဘက် တစ်ခြမ်းအရှည် ခြောက်လက်မခန့် အရိုးထိပြတ်ရှဒဏ်ရာတစ်ချက်၊ ယာ လက်ကောက်ဝတ်အရိုးအထိ ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲလက်ဖျံအရိုးထိပြတ်ရှဒဏ်ရာတစ်ချက်ရရှိသည်ကို စစ်ဆေးတွေ့ရှိရသည်ဆို၏။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မခင်ကြူက ၎င်း၏ခင်ပွန်းဖြစ်သူ အောင်လင်းကို ဓားဖြင့်ခုတ်သတ်သူ အောင်မင်း ၃၅နှစ် (ဘ)ဦးခင်မောင် ယာကြီးတောအုပ်စု အောင်မြင်သာ ကျေးရွာနေသူအား ဥပဒေနှင့်အညီအရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဆတ်သွားရဲစခန်းမှူး ထွန်းထွန်းအောင်က အမှုကိုခိုင်မာစွာတည်ဆောက်၍ မကွေးခရိုင်တရားသူကြီးရုံးသို့ ဩဂုတ် ၂၄ရက်က တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက လက်ခံကြားနာစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံအောင်မင်း ၃၅နှစ် (ဘ)ဦးခင်မောင် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေသူအား ဒီဇင်ဘာ ၂၇ရက်က အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ခဲ့မှုဖြစ်သည်။ **ဟသ်ာ(တောင်တွင်းကြီး)**

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးမှု မြင်းမူမြို့နယ်၌ ဖြစ်ပွား

မြင်းမူ ဒီဇင်ဘာ ၃၁

မြင်းမူမြို့တွင် ဒီဇင်ဘာ ၂၉ ရက် ညနေ ၅နာရီခွဲခန့်က ဆိုင်ကယ်ပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးကြောင်း သတင်းအရ အခင်းဖြစ်ပွားရာ မြင်းမူမြို့နယ် ကန်တော်ရွာနှင့် ထီးဆောင်းရွာအကြား မိုင်တိုင်အမှတ်(၃/၅)နှင့်(၃/၆)ကြားတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျည်တောက်ပေါက်ကျေးရွာနေသူ ဦးမောင်စိုး(ခ)ဦးအားဟွာ၊ ၄၇ နှစ်(ဘ) ဦးလီချမ်းရီ ရွှေလုပ်ငန်းလုပ်၊ မောင်းနှင်သောဆိုင်ကယ်အမှတ် ၃၀ယ/ -------- နယူးအန်ဘို ဆိုင်ကယ်သည် တစ်ရွာတည်းနေ ဒေါ်မာ ၆၅ နှစ် (ဘ)ဦးလှကို တင်ဆောင်ပြီးမောင်းနှင် လာရာ မြင်းမူမြို့ကန်တော်ရွာအလွန်တွင် နောက်မှလိုက်ပါစီးနင်းလာသူမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဦးခေါင်းနောက်စေ့တွင် တစ်လက်မခန့် ပေါက်ပြဲကာ မြင်းမူဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးသွားခဲ့သည်။ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ဦးမောင်စိုး (ခ) ဦးအာဟွာအား မြင်းမူရဲစခန်း က(ပ)၂၄၆/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၄-(က) အရအမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

(၀၇၉)

အမြို့ မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ

မြန်မာ့အလင်း တွင် ကြော်ငြာပါ။

နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သောရှောက်တစ်လုံးဝမ်းမှန်ဆေးနှင့်အခြားဆေးများကို ဖြန့်ဖြူးရောင်းချပေးသော အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်များ၊ ဆေးဆိုင်များ၊ ဝန်ထမ်းများ၊ သောက်သုံးကြသော ရဟန်းရှင်လူမိဘပြည်သူများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး ၁-၁-၂၀၁၃ရက်တွင် ကျရောက်သော နှစ်သစ်မင်္ဂလာမှစ၍ စိတ်ချမ်းသာကိုယ်ကျန်းမာပြီး ကောင်းသောလိုရာဆန္ဒများ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

မုံရွာ-ဆရာမိုး

သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး

မြေး- မောင်ကျော်ကိုကိုဆက်နိုင်

မောင်သုဝေယံရှိန်း

မောင်မိုးပြည့်စုံဟိန်း

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

အားကစားသတင်း

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက်(၄၀) နှင့်အထက်ဘောလုံးပြိုင်

မန္တလေး ဒီဇင်ဘာ ၃၁

စစ်ကိုင်းခရိုင် အားကစားကွင်းတွင် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိကျင်းပမည့် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက် ၄၀ နှင့်အထက် ဘောလုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အထက်မြန်မာပြည်လက်ရွေးစင်ဘောလုံးသမားဟောင်း အသင်းသို့ မန္တလေးမြို့မှ အသင်းဝင် KENBO Co. ဒါရိုက်တာ ဦးမျိုးမင်းက ပြိုင်ပွဲအတွက် အားကစားဝတ်စုံ အစုံ ၄၀ ကို ဒီဇင်ဘာ ၃၀ ရက်ညနေပိုင်းက ဗထူးဘောလုံးကွင်း၌ လျှုဒါန်းရာ အသင်းဥက္ကဋ္ဌဦးဇော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံ၍ (ဓာတ်ပုံ)ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါလွတ်လပ်ရေးနေ့ အထိမ်းအမှတ်သုံးပွင့်ဆိုင် ဘောလုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင်ဘောလုံးသမားဟောင်းများက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်တွင်စစ်ကိုင်း(ခ)အသင်းနှင့် မန္တလေးအသင်း၊ ဇန်နဝါရီ ၂ ရက်တွင် စစ်ကိုင်း(ခ)အသင်းနှင့် စစ်ကိုင်း(က)အသင်း၊ ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်း (က)အသင်းနှင့် မန္တလေးအသင်းတို့ စစ်ကိုင်းခရိုင်အားကစားကွင်း၌ ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(၀၁၂)**

အခြေခံတင်းနစ်အားကစားနည်း သင်တန်းဆင်းပွဲကျင်းပ

မြဝတီ ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက် (၁၀) နှစ်အောက် တင်းနစ်အခြေခံအားကစားနည်း သင်တန်းဆင်းပွဲကို မြဝတီမြို့ ရွှေမြန်မာတင်းနစ် အားကစားကွင်းအမှတ် (၁) နှင့် (၂) တို့တွင် ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

သင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် ITF သင်တန်းဆင်း ဦးသိန်းစိုးနှင့် ဦးအောင်မိုးဝင်းတို့က သင်ကြားပြသပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၁၁၂ ဦးတက်ရောက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံ ဂရင်းဆလမ်ဖလားလေးလုံး ဆွတ်ခူးရန်မျှော်လင့်

နယူးယောက် ဒီဇင်ဘာ ၃၁

ကမ္ဘာကျော်တင်းနစ်မယ်ဆီရီနာဝီလျံက ၎င်းအနေဖြင့် တစ်ရာသီတည်းအတွင်း ဂရင်းဆလမ်ဖလားလေးလုံးစလုံးကို ဆွတ်ခူးနိုင်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဂရင်းဆလမ်ဖလား ၁၅ လုံး ဆွတ်ခူးခဲ့ဖူးသည့် အမေရိကန်တင်းနစ်မယ်ဆီရီနာဝီလျံသည် **(အပေါ်ပုံ)** ၂၀၁၂- ၂၀၁၃ ရာသီက တစ်ရာသီတည်း ဂရင်းဆလမ်ဖလားလေးလုံးစလုံး ဆွတ်ခူးခဲ့ဖူးသည်။

အသက် ၃၁ နှစ်ရှိ ဆီရီနာဝီလျံသည် ၂၀၀၃ ခုနှစ်က ဩစတြေးလျအိုးပင်း၊ ယူအက်စ်အိုးပင်း၊ ဝင်ဘယ်ဒန်နှင့် ပြင်သစ်အိုးပင်းဖလားများကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုနှစ်တွင်လည်း အဆိုပါဖလားလေးလုံးစလုံးကို ဆွတ်ခူးနိုင်ရန် သူမအနေဖြင့် မျှော်လင့်နေသည်။ **(ရိုက်တာ)**

ချယ်လ်ဆီးလေးပွဲဆက်တိုက်နိုင် လမ်းပတ်ခြေစွမ်းပြကစား

လန်ဒန် ဒီဇင်ဘာ ၃၁

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၂၀) လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးက အဲဗာတန်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး တတိယနေရာသို့ တက်လာသည်။

ချယ်လ်ဆီးအသင်းအတွက် ဂိုးများကို လမ်းပတ်တစ်ဦးတည်းကသွင်းယူခဲ့သည်။ အဲဗာတန်ပွဲစပြီး နှစ်မိနစ်အကြာ ပီယင်နားက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် လမ်းပတ်က ပွဲချိန် ၄၇ မိနစ်နှင့် ၇၂ မိနစ်တို့တွင် သွင်းယူခဲ့သည်။ အသက် ၃၇ နှစ်ရှိ ကွင်းလယ်ကစားသမားလမ်းပတ်သည် နွေရာသီတွင် ချယ်လ်ဆီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် နည်းပြဘင်နီတက်ဇ် တာဝန်ယူပြီးနောက် လေးပတ်ဆက်တိုက် အနိုင်ရခြင်းဖြစ်သည်။ **(ရိုက်တာ)**

ကောင်းမြတ်သူ-စုစည်းသည်

ဆောင်းသီးနှံစိုက်ပျိုးခြင်း နည်းပညာဆွေးနွေးပွဲ ပေါက်အင်းစိုက်ကွင်း၌ ကျင်းပ

ချောင်းဦး ဒီဇင်ဘာ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ချောင်းဦးမြို့နယ် ပေါင်းအင်းစိုက်ကွင်းသို့ရောက်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ် ဆောင်းသီးနှံ ဂျုံ၊ ကုလားပဲ စိုက်ပျိုးခြင်း၊ နည်းပညာကိစ္စရပ်များနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးမှာကြားရာ ပေါက်အင်းစိုက်ကွင်းမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် ပေါက်အင်းစိုက်ကွင်းမှူးက နွားဖြင့် မျိုးစေ့ချခြင်းအစား ထွန်စက်ဖြင့်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ သုတေသနဝန်ထမ်းများက ဂျုံ၊ ကုလားပဲမျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်း၊ ကွန်ပေါင်းမြေဩဇာအမျိုးအစားအလိုက် ယှဉ်ပြိုင်စမ်းသပ်ခြင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က ခေတ်စနစ်နှင့်အညီ စိုက်ပျိုးလုပ်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(စက်မှု/သီးနှံ)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ထင်းစိုက်ခင်းမှ ထင်းများဖြန့်ဝေ

မတ္တရာ ဒီဇင်ဘာ ၃၁

မတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ နံ့သာမြိုင်ကျေးရွာတွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ထင်းစိုက်ခင်းများမှ ဒေသခံပြည်သူများသို့ ထင်းဖြန့်ဝေခြင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ သစ်တောဦးစီးအရာရှိ ဦးမိုးဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက (၁/၁၉၆၆)ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၅၀ မှ ထွက်ရှိသော ထင်းတန် ၉၀ ကို နံ့သာမြိုင် ရွာသူရွာသားများနှင့် ဆေးရုံ၊ ဆေးရုံဝန်ထမ်းများသို့ အသီးသီး ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

တင်မောင်(မန္တလေး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျေးဇူးဆပ်ပါမည်

ကျွန်မ မယုံလျှန် ၁၃/တယန(နိုင်) ၀၁၅၂၉၃ ၏နိုင်ငံကူးလက်မှတ်စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၆၇၀၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းဝင်းကျော် ၁၁/မပန(နိုင်) ၀၄၂၂၀၄ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၁၂၆၉၂၈

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သီတာဝင်း ၁၂/ဥကမ(နိုင်) ၀၉၇၈၁၉ နှင့် ခင်ပွန်းဖြစ်သူ ဦးနိုင်ဇော် ၁၄/လပတ(နိုင်)၁၀၇၆၆၃ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၆-၁၂-၂၀၁၂ ရက်တွင် လှိုင်သာယာမြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီတာဝင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းချမ်း ၁၁/စတန(နိုင်) ၀၆၇၈၇၄၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၇၃၀၅၅၃၂၅

သွေးသည်အသက်

နိုင်ငံတကာအားကစားသတင်း

အောင်မြင်မှုကို ရှာဖွေရယူဖို့ကြိုးစားမယ့် မန်ယူ အိမ်ကွင်းမှာအနိုင်ရလဒ်ကိုသိမ်းပိုက်မယ့် မန်စီးတီး

၂၀၁၃ ခုနှစ်ရဲ့ ကန့်လန့်ကာကို ပရီမီယာလိဂ်ပွဲစဉ်၂၁ နဲ့ ဖွင့်လှစ်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဇန်နဝါရီ ၁ ရက်နဲ့ ၂ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေဟာ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေ အခက်အခဲတွေ့နိုင်တဲ့ပြိုင်ပွဲတွေဖြစ်ပြီး ရင်မောစရာအဖြစ်တွေလည်း ကြုံတွေ့နိုင်တာမို့ ၂၀၁၃ ခုနှစ်ရဲ့ ခရီးအစဟာ ပင်ပန်းကြမ်းတမ်းမှုတွေနဲ့ပြည့်လျှံနေတာတော့အမှန်ပါပဲ။ နှစ်အစရဲ့ ပထမဆုံးရက်မှာ နိုင်ပွဲတွေနဲ့ စတင်ဖို့အတွက် ပရီမီယာလိဂ်အသင်းတိုင်း အနိုင်ယူစိတ်တွေ ဆူဝေစွာနဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ကြတော့မှာဖြစ်ပါတယ်။

ဝီဂန်နှင့် မန်ယူ

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ဝီဂန်တို့အားသွန်မယ့်ပွဲပါပဲ။ နောက်ဆုံး ခုနစ်ပွဲကစားခဲ့တဲ့ မှတ်တမ်းကတော့ ခြောက်ပွဲရှုံး၊ တစ်ပွဲသရေမို့ အားရစရာလုံးဝမရှိပါဘူး၊ ဝီဂန်နဲ့မန်ယူတို့ရဲ့ နောက်ဆုံး ငါးကြိမ်တွေ့ဆုံခဲ့တဲ့မှတ်တမ်းကို ကြည့်ရင် ဝီဂန်ကွင်းမှာ တစ်ပွဲနိုင်ထားပြီး ကျန်လေးပွဲက ဂိုးပြတ်နဲ့ ဝီဂန်တို့ရှုံးထားပါတယ်။ ဝီဂန်နဲ့မန်ယူတို့ တွေ့ဆုံတဲ့ သမိုင်းမှာလည်းဝီဂန်တို့ တစ်ပွဲပဲအနိုင်ရထားတာမို့ အခုပွဲလည်း ဝီဂန်တို့အိမ်ကွင်းဆိုပေမယ့် ပရိသတ်တွေအတွက် ရင်လေးရမယ့်ပွဲဖြစ်ပါတယ်။ မန်ယူတို့ကတော့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့မှတ်တမ်းကို ကြည့်ရင် ဆွမ်ဆီးကို သရေတစ်ပွဲကစားပြီး ကျန်နှစ်ပွဲနိုင်ထားပါတယ်။ မန်ယူဟာရှုံးပွဲမရှိ ခုနစ်ပွဲ ဆက်တိုက်ကစားထားနိုင်သလို တိုက်စစ်မှူးတွေကလည်း ၁၇ ဂိုးအထိ သွင်းယူထားနိုင်ပါတယ်။ မန်ယူရဲ့ အားနည်းချက်က ခံစစ်ပိုင်းလျော့ရဲမှုဖြစ်လို့ ဒီပွဲမှာ အတင့်ရဲလို့ကတော့မရပါဘူး။ မန်ယူမှာ ရွှန်းနေ၊ အန်ဒါဆန်တို့ပါဝင်ဖို့ မသေချာသလို ဝီဂန်မှာလည်း မီယန်ချီနဲ့ လိုပက်ဇ်တို့ ဒဏ်ရာကြောင့် ပါဝင်ဖို့တော့ မသေချာပါဘူး။ ၂၀၁၃ ခုနှစ်ကို နိုင်ပွဲနဲ့ စတင်ပြီး ဖလားရယူရေးအတွက် အရှိန်ပြင်းပြင်းနဲ့ မန်ယူတို့ခရီးဆက်ဖို့ ကြိုးစားမှာမို့ ဒီပွဲမှာ မန်ယူကိုပဲ ယုံကြည်ထွေးပိုက်ရမှာဖြစ်ပါတယ်။

မန်စီးတီးနှင့် စတုတ်

မန်စီးတီးရဲ့ အီတီဟတ်ကွင်းမှာ ကစားရမှာမို့ စတုတ်တို့အတွက် သောကဝေရဦးမယ့်ပွဲပါပဲ။ မန်စီးတီးကွင်းမှာ စတုတ်တို့ နောက်ဆုံးငါးပွဲကစားခဲ့တာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ မန်စီးတီးဟာ မန်ယူနဲ့ရမှတ်ကွာဟမှု ကျဉ်းမြောင်းဖို့အတွက် ဒီပွဲကိုတော့စတုတ်ကို အမှတ်ခွဲပေးဖို့ကြိုးစားမှာ မဟုတ်ပါဘူး။ အမှတ်ပြည့်ရဖို့အရေးကြီးနေတဲ့ မန်စီးတီးဟာ ခံစစ်ကြောင်းခိုင်မာတဲ့ စတုတ်ကို ခက်ခက်ခဲခဲတော့ ကျော်ဖြတ်ရမှာသေချာပါတယ်။ မန်စီးတီးဟာ အိမ်ကွင်းဆိုပေမယ့် ဒီပွဲကို အဓိကကစားသမားတွေနဲ့ ထွက်လာမှာဖြစ်ပြီး အလေးအနက်ထားကစားဖို့ နည်းပြမန်ချီနီ ပြင်ဆင်ပါလိမ့်မယ်။ စတုတ်ဟာ ဒီပွဲမှာ ခံစစ်လုံအောင် တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ကတစ်ဆင့် ဂိုးရရေးပဲ ကြိုးစားမှာဖြစ်ပါတယ်။ ဒီပွဲမှာတော့ မန်စီးတီးပရိသတ်ဖြစ်တာက စိတ်ချမ်းသာမှုပေးနိုင်ပါလိမ့်မယ်။

ချယ်လ်ဆီးနှင့် ကျူပီအာ

ချယ်လ်ဆီးအတွက် ဒီပွဲဟာ အမှတ်ပြည့်ရဖို့အတွက် ကြိုးစားမယ့်ပွဲဖြစ်ပါတယ်။ ချယ်လ်ဆီးကွင်းမှာ ကျူပီအာတို့ နောက်ဆုံး သုံးပွဲကစားခဲ့တာ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ အသားကျလာတဲ့ ချယ်လ်ဆီးရဲ့ခြေစွမ်းနဲ့ တိုးတက်စပြုလာတဲ့ ချယ်လ်ဆီးရဲ့ တိုက်စစ်အားကြောင့် ကျူပီအာတို့အတွက် ပွဲကျပ်ဖြစ်လာပါလိမ့်မယ်။ ကျူပီအာတို့က ရှုံးပွဲဆက်တိုက်ကြုံတွေ့နေရလို့ စိတ်ဓာတ်ကျဆင်းနေမှာတော့ အမှန်ပါပဲ။ ရလဒ်ကောင်းအောင် ကြိုးစားနေတဲ့ နည်းပြဘင်နီတက်ဇ်ရဲ့ အလေးအနက်ထား ဗျူဟာခင်းကျင်းမှုကြောင့် စတန်းဖို့ဒ်ဘရစ်ချ်ကွင်းမှာ ပရိသတ်တွေ အပြီးပန်းဝေစည်နိုင်ပါလိမ့်မယ်။

ဆောက်သမ်တန်နှင့် အာဆင်နယ်

ဆောက်သမ်တန်ကွင်းမှာတော့ အာဆင်နယ်တို့ နိုင်ပွဲရအောင် အကြိတ်အနယ်နွှဲရပါလိမ့်မယ်။ ဆောက်သမ်တန်ရဲ့အိမ်ကွင်းမှာ အာဆင်နယ်တို့နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် နှစ်ပွဲရှုံး၊ တစ်ပွဲသရေမှတ်တမ်း ရှိထားတာမို့ အကြွေးတွေ ပြန်ဆပ်နိုင်မလားကြည့်ရမယ့်ပွဲပါ။ ဒါပေမယ့် အာဆင်နယ်ရဲ့ ခြေစွမ်းက သိသိသာသာကောင်းမွန်လာတာမို့ ခြေယိုင်နေတဲ့ ဆောက်သမ်တန်ဟာ အိမ်ကွင်းဆိုပေမယ့် အပြင်းအထန်ခုခံကာကွယ်ရမယ့်ကိန်းပါပဲ။ ဆောက်သမ်တန်ရဲ့ လက်ရှိခြေစွမ်းအရဆိုရင် အာဆင်နယ်တို့ အမှတ်ပြည့်ယူပြီး အိမ်ပြန်နိုင်မလားဆိုတာ ပရိသတ်တွေအတွက် ရင်ခုန်စရာကောင်းတဲ့ပွဲဖြစ်ပါတယ်။

လီဗာပူးနှင့် ဆန်းဒါးလန်း

လီဗာပူးဟာ အိမ်ကွင်းမှာကစားရပေမယ့် ဆန်းဒါးလန်းကို ခြေကုန်ထုတ်ရပါလိမ့်မယ်။ လီဗာပူးကွင်းမှာ ဆန်းဒါးလန်းတို့ လာရောက်ကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားတာမို့ ဆန်းဒါးလန်းကို လျှော့တွက်လို့တော့မရပါဘူး။ ဒါပေမယ့် လက်ရှိလီဗာပူးရဲ့ ခြေစွမ်းက ကောင်းမွန်နေတာမို့ ခြေစွမ်းကျရိပ်ထိုးနေတဲ့ ဆန်းဒါးလန်းပရိသတ်တွေ ရတတ်ပွေ့ရနိုင်ပါတယ်။ ဒီပွဲမှာ လီဗာပူးပရိသတ်တွေအတွက် ကျေနပ်စရာရလဒ်တွေဖြစ်လာနိုင်ပါတယ်။

ဝက်စ်ဘရွန်းနှင့် ဖူလ်ဟမ်

အိမ်ကွင်း ဟော်သွန်းမှာတော့ ဝက်စ်ဘရွန်းတို့က ခြေစွာနေပါတယ်။ ဟော်သွန်းကွင်းမှာ ဖူလ်ဟမ်တို့နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်က တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ခြေစွမ်းတက်နေတဲ့ ဝက်စ်ဘရွန်းတို့ ဒီပွဲမှာ ဖိဖိစီးစီးကစားရင် အမှတ်ပြည့်ရယူနိုင်ပါလိမ့်မယ်။

စပါးနှင့် ရက်ဒင်း

ရက်ဒင်းနဲ့ဆုံတိုင်း စပါးတို့အောင်ပွဲခံနိုင်ခဲ့တာများပါတယ်။ စပါးရဲ့ အားသာချက်မှုဟာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တာမို့ ဒီပွဲမှာ ရက်ဒင်းတို့ အမှတ်ရဖို့ မျှော်လင့်ချက်ပျက်ပြယ်သွားနိုင်ပါတယ်။ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ စပါးအတွက် အိမ်ကွင်း ဝိုက်ဟတ်လိန်းမှာတော့ ဒီပွဲအတွက် ပရိသတ်တွေရဲ့ အောင်ပွဲတေးသံတွေ လွင့်ပျံ့နေဦးမှာဖြစ်ပါတယ်။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

အားကစားသတင်း အတိုအထွာ

❏ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းသည် တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းတွင် တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ဖြင့် တစ်နှစ်စာချုပ် ချုပ်ဆိုရေးအတွက် ဆွေးနွေးနေပြီဖြစ်သည်။

❏ စပါးအသင်းပိုင်ရှင် ဒင်နီရယ်လီဗီက အသင်း၏တောင်ပံကစားသမား ဂါရက်ဘေးလ်အား ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင် သန်း ၆၀ ပေးလျှင် ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❏ အမေရိကန် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းက ချယ်လ်ဆီးကွင်းလယ်ကစားသမား ၃၄ နှစ် အရွယ်ရှိ လမ်းပတ်အား တစ်နှစ်လုပ်ခ ပေါင်လေးသန်းပေးမည်ဟု ကမ်းလှမ်းထားသည်။

❏ ချယ်လ်ဆီးနောက်ခံလူ အသက် ၃၂ နှစ်အရွယ်ရှိ အက်ရှ်လေကိုးအား ခေါ်ယူမည်ဟု သတင်းထွက်နေသော်လည်း ဇန်နဝါရီ အပြောင်းအရွှေ့၌ မည်သည့်ကစားသမားမှ ခေါ်ယူမည်မဟုတ်ကြောင်း ပဲရစ်စိန့်ဂျာမိန်း အသင်းနည်းပြ အန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားလိုက်သည်။

❏ ရီးရဲမက်ဒရစ်အသင်းသည် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလ၌ မန်ယူဂိုးသမား ၂၂ နှစ်အရွယ်ရှိ ဒီဂီရာအား ခေါ်ယူမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❏ အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဝေါကော့သ်အား အသင်း၌ ဆက်လက်ကစားရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

❏ ဂျူဗင်တပ်စ်၊ စပါးနှင့် အာဆင်နယ်တို့က မန်ယူကွင်းလယ်ကစားသမား နာနီကိုခေါ်ယူရေး အပြိုင်ကြိုးစားလျက်ရှိသည်။

❏ အဲဗာတန် ကွင်းလယ်ကစားသမားဟောင်း တင်ကားဟေးအား အမေရိကန် မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူလ်အသင်းက စာချုပ်ဖြင့်ခေါ်ယူရေး ဆွေးနွေးလျက်ရှိသည်။

❏ ဆွမ်ဆီးအသင်းနည်းပြ မိုက်ကယ်လော့ဒရပ်က ဆဲလ်တာဗီဂို တိုက်စစ်မှူး လာရိုအက်စ်ပက်စ်အား ဇန်နဝါရီလအပြောင်းအရွှေ့၌ ခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။

❏ ဆဲလ်တစ်အသင်းသည် ဘယ်လ်ဂျီယံကလပ် စတန်းဒက်မှ အစ္စရေး နောက်ခံကစားသမား ဂါရွန်အား ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။

❏ ဝုလ်ဗာနည်းပြ ဆိုလ်ဘက်ခန်းက စာချုပ်သစ် ထပ်မံချုပ်ဆိုရေးငြင်းပယ်လျှင်ပုံမှန်ကစားခွင့်ရမည်မဟုတ်ကြောင်း နောက်ခံကစားသမား ဘာရာအား သတိပေးလိုက်သည်။

❏ ချယ်လ်ဆီးအသင်းကို အောင်မြင်မှုများရရှိအောင်စွမ်းဆောင်မှုပေးသွားမည်ဖြစ်ပြီး နည်းပြရာထူးတည်မြဲရေးကိုမူ ဦးတည်ကြိုးစားမည်မဟုတ်ကြောင်း နည်းပြ ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၃၀၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ
ဦးမောင်မောင်လှ-ဒေါ်ညွန့်ကြည် တို့၏သားထွေး

ဗိုလ်ကြီးမင်းမောင်မောင်

M.B.,B.S (Ygn),M.Med.Sc (Surgery)

(ဗထူးတပ်မြို့)

နှင့်

တောင်ကြီးမြို့၊ ည/၂၅၊ ဂုဏ်ထူးလမ်း၊ ဦးကြီးခမ်းရပ်ကွက်နေ ဦးညီညီလွင်-ဒေါ်ခိုင်မျိုးလတ်
(စည်သူ သစ်အချောထည်လုပ်ငန်းနှင့် ရောင်းဝယ်ရေး) တို့၏သမီးဦး

မစုစန္ဒီ

B.A (Eng),Diploma in English (Navitas Australia),
Cert IV in Business Commerce (YIUS)

တို့အား နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ ၂၅-၁၂-၂၀၁၂ ရက် (အင်္ဂါနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးမင်းမောင်မောင်-စုစန္ဒီ

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇေယျလင်း ကိုင်ဆောင်သော နိုင်ငံကူးစာအုပ်အမှတ်M-575355သည် သိမ်ဖြူလမ်းသွယ်အတွင်း ကားရပ်နားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၅၁၅၂၆၉၉၊၀၉-၄၃၁၂၂၄၂၀**

ပျောက်ဆုံးကြောင်း

မနန္ဒာနွယ်၏ Passport No,M-923837 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၇၉၇၄၉

BCI **ကိုမင်းမင်း(ရေမွှေး)**

* ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ အလှကုန်၊ တစ်ရှူးသုံး၊ အမွှေးတိုင်၊ အခြားလုပ်ငန်းသုံး ကုန်ကြမ်းမျိုးစုံနှင့် အမွှေးဆီအမျိုးမျိုး၊
* ချည်ဆိုးလုပ်ငန်းသုံးနှင့် အခြားသဘာဝဓာတုဆေးဝါးမျိုးစုံ၊
* ပရုပ်ဆီ၊ အင်္ဂလိပ်ဆေးနှင့် အခြားတိုင်းရင်းဆေးဝါးကုန်ကြမ်းမျိုးစုံ၊
* ဓါတုဗေဒကုန်ကြမ်းများနှင့် ပက်ကင်သုံးပလတ်စတစ် SHRINK ဆိုဒ်စုံ၊
* သကြားအချိုတိုင်းမီတာ၊ PH မီတာနှင့်အခြားတိုက်ရိုက်မီတာမျိုးစုံတို့ကို အရည်အသွေးမှန်ကန်၊ ဈေးနှုန်းသက်သာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်။ နယ်မှ မှာယူသူများကိုလည်း အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
* အရည်အသွေးမြင့်မားဈေးနှုန်းချိုသာသော BCI နှင့် ဆက်သွယ်ပါ*
* လူကြီးမင်း၏ လုပ်ငန်းအောင်မြင်မှုသည်သာ BCI ၏ ရည်ရွယ်ချက်ပါ*

Best Chemicals International Co., Ltd.

ဆက်သွယ်ရန် - အမှတ် - ၁၃၃၊ မြေညီထပ်၊ ၂၇လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊
ဖုန်း၊ ၀၁-၃၇၆၄၉၆၊ ၀၁-၃၇၇၉၃၁၊ ၀၁-၃၇၈၁၅၂၊ ၀၁-၃၇၈၁၅၃၊ ၀၁-၃၇၃၀၁၅
၀၉-၅၄၃၀၀၁၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ကူညီပံ့ပိုးသည့် ကျန်းမာရေးအလှူတော်မင်္ဂလာ ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းက ကူညီပံ့ပိုးသည့် ကျန်းမာရေး အလှူတော်မင်္ဂလာဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ကန်ကြီးထောင့်မြို့နယ် ဒါးကမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း ပဓာနနာယက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဌတို့က ကျန်းမာရေးအလှူတော်မင်္ဂလာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နှလုံးဌာန၊ အရေပြားရောဂါဌာန၊ အမျိုးသမီးရောဂါဌာန၊ ကလေးရောဂါဌာန၊ ဆီးနှင့်ကျောက်ကပ်ဌာန၊ အရိုးရောဂါဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာန၊ သွားနှင့် ခံတွင်းရောဂါဌာန၊ မျက်စိရောဂါဌာနနှင့် မျက်မှန်ထုတ်ပေးဌာနတို့တွင် ဆေးဝါးကုသနေမှုများကို ကြည့်ရှုအားပေးကြသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ကူညီပံ့ပိုးလှူဒါန်းမှုဖြင့် ကန်ကြီးထောင့်မြို့နယ် ဒါးကမြို့မှ သံဃာတော်များ အပါအဝင် ပြည်သူ ၅၀၀၀ ကျော်တို့အား သမားတော်/အထူးကုဆရာဝန်ကြီးများက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈/၂၉/ ၃၀ ရက်တို့တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်မြို့နယ်များ၌လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လှူဒါန်းထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပျဉ်းမနားမြို့ အာဟာရသုခဈေး ကျန်းမာရေးပညာပေး စားသောက်ကုန်နမူနာစစ်ဆေးခြင်း ဆောင်ရွက်

ပျဉ်းမနား ဒီဇင်ဘာ ၃၁

နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပျဉ်းမနားမြို့ အာဟာရသုခ လက်လီလက်ကားဈေးကြီးတွင် ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် စားသောက်ကုန်နမူနာစစ်ဆေး ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် စားသောက်ကုန်နမူနာ စစ်ဆေးခြင်းပြုလုပ်ရာတွင် အာဟာရသုခဈေးမှ ဦးစီးအရာရှိ ဦးမောင်မောင် (အာဟာရသုခဈေး-တာဝန်ခံ)၊ ဦးသိန်းထိုက်စိုး ကျန်းမာရေးမှူး ကျန်းမာရေးဌာန နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါက်တာကျော်မျိုးနိုင် လက်ထောက်ဆရာဝန် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံ ပျဉ်းမနား၊ ဒေါက်တာလှလှနွဲ့ ဒုတိယဦးစီးမှူး မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဌာန ပျဉ်းမနားမြို့နှင့် ကျန်းမာရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ပျဉ်းမနားရဲစခန်းမှ တာဝန်ရှိသူများပါဝင်၍ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးကြီးအတွင်းရှိ နနွင်းမှုန့်၊ အရောင်တင်၊ ငါးပိ အစရှိသောဆိုင်ခန်းရှင်များနှင့်တွေ့ဆုံ၍ အရောင်းပစ္စည်းများအား နမူနာယူ၍ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

စာပေရေချမ်းစင် ခရီးသွားပြည်သူများ အထူးစိတ်ဝင်စားလျက်ရှိ

မြောင်းမြ ဒီဇင်ဘာ ၃၁

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စာပေရေချမ်းစင်ကို မြောင်းမြမြို့ ဧရာဝတီသင်္ဘောဆိပ်ခရီးသွားများ နားနေဆောင်တွင် စာပေဗဟုသုတများ ဖတ်ရှုနိုင်ရန် ဒီဇင်ဘာ ၃ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ သဘောကျနှစ်ခြိုက်လျက်ရှိကြောင်း သိရသည်။

"ဒီအစီအစဉ်က တော်တော်ကောင်းတယ်ဗျာ၊ အခါတိုင်းခရီးသွားသူတွေ သင်္ဘောစောင့်နေကြချိန်မှာ အခင်းခင်းပြီးအိပ်တဲ့သူကအိပ်၊ တချို့ကျတော့လည်း အချိန်ကုန်အောင် သင်္ဘောလာချိန်ထိ စောင့်ကြရတယ်။ အခုတော့ စာဖတ်ပြီး ငြိမ်ချက်သား ကောင်းနေကြပြီ"ဟု . . . ဧရာဝတီသင်္ဘောဆိပ် ရေကြောင်းပို့ဆောင်ရေးမန်နေဂျာ ဦးညီညီစံက အားရဝမ်းသာစကားပြောကြားသည်။

"ကျွန်မတို့က ညနေမှသင်္ဘောစီးရမှာ၊ အခုတော့ သင်္ဘောစောင့်ရင်း မဂ္ဂဇင်းအသစ်တွေဖတ်ရတာ သိပ်ကောင်းတာပဲ၊ ပိုက်ဆံလည်းမပေးရဘူး၊ ဒီလိုစီစဉ်ပေးတဲ့သူတွေကို သိပ်ကျေးဇူးတင်တာပဲ" ဟု . . . သင်္ဘောစောင့်စီးသူခရီးသည် မနန့်ချိုထွေးက ကရင်သံဝဲဝဲဖြင့် ပြောသည်ကို ကြားခဲ့ရသည်။

ပြည်သူ့ဝန်ဆောင်မှုစာပေရေချမ်းစင်တွင် နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ မဂ္ဂဇင်းများကို ပြည်သူများ အခမဲ့ ဖတ်ရှုနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဦးအောင်မင်း(မြောင်းမြ)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၅၁ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ်ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဆီဘောက်ဆာ (BOXER) ကားငှားရန်ရှိသည်

(ဂါလန် ၂၈၀၀ဆံ့)နှင့် (ဂါလန် ၃၂၀၀ဆံ့) ကားငှားရန်ရှိသည်။

ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၁၂၅၄၇

ကားရောင်းမည်
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Pajero V-46 (1997) model (အဖြူပုတ်) ပစ္စည်းစုံ
Toyota HILUX D/CAB (LM 165) 4WD
(1999) model (အနက်ရောင်) ပစ္စည်းစုံ

ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၁၂၅၄၇

တောင်ကြီးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၃၁

တောင်ကြီးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့တွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့

(Public Service Media Governing Body)က ရေးသားပြုစုထားသော-

- စာနယ်ဇင်းကျင့်ဝတ်
  (Code of Ethics)
- အများပြည်သူဝန်ဆောင်မှုသတင်းစာဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်းများ
  (Code of Conduct)
- သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှု
  (Code of Practice)တို့ကို စုစည်း၍ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြထားသည့်စာအုပ်။

ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ထွက်ပြီ။

လေ့လာဖတ်ရှုလိုသူများအနေဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့နှင့် စာပေဗိမာန် အရောင်းဆိုင် သပြေကုန်းဈေး နေပြည်တော်တို့တွင် တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဖိတ်ကြားလွှာ

သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူ (Developer)အဖြစ် ဆောင်ရွက်ရန် မြန်မာ-ဂျပန် ဖက်စပ်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန်ရှိပါသည်။ ယင်းအဖွဲ့အစည်းတွင် ပါဝင်နိုင်ရန်အတွက် မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံလိုသူများ ပေါင်းစည်း၍ အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်မည်ဖြစ်ပါသည်။ ယင်းအများပိုင်ကုမ္ပဏီဖွဲ့စည်းရာတွင် ထင်သာမြင်သာရှိစေရေးနှင့် အားလုံးပါဝင် အကျိုးခံစားခွင့်ရရှိရေးဆွေးနွေးရန် ရည်ရွယ်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
နေ့ရက် - ၂၀၁၃ခုနှစ် ဇန်နဝါရီ ၉ရက်
အချိန် - နံနက် ၉နာရီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ ရွှေမေတ္တာ(၂) အိမ်ရာ၊ တိုက် စီ၊ အခန်း ၀၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဦးလှမြင့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးဆန်းထွန်းအောင် ၁၂/တမန(နိုင်)၀၇၄၇၄၀က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ

ချင်းတွင်းဝါး

ကချင်ပြည်နယ် တနိုင်းလွင်ပြင်မှ မြစ်ဖျားခံ၍ စီးဆင်းလာသော တနိုင်းခချောင်းနှင့်စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းဖွတ်ခချောင်းတို့ ပေါင်းစုံစီးဆင်းခြင်းဖြင့် သလ္လာဝတီခေါ်အထက်ချင်းတွင်းမြစ်သည် နာဂတောင်တန်းနှင့် မြန်မာပြည်အလယ်ပိုင်းတို့ ဆက်သွယ်ပေးထားသော အဓိက ပေါင်းကူးတံတားကြီးပင် ဖြစ်သည်။ မုံရွာ၊ မန္တလေးမှထွက်ကုန်ပစ္စည်းမျိုးစုံ မြန်မာပြည်မြောက်ပိုင်း ခန္တီးမြို့အထက်ရှိ တနိုင်းခချောင်းအတိုင်း ရှင်ဗွေယန်အထိ ကူးသန်းရောက်ရှိပြီး အထက်ချင်းတွင်းရှိသစ်၊ဝါး၊ တောထွက်ပစ္စည်းများသည်လည်း ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ မြန်မာပြည်အလယ်ပိုင်းရှိ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ချင်းတွင်းမြစ်ရေသည် စက်တင်ဘာနောက်ဆုံးပတ်၌ခြောက်လကျော်ရေကျခဲ့ပြီး အောက်တိုဘာဒုတိယပတ်အတွင်း ဟုမ္မလင်းမြို့နှင့် အထက်ချင်းတွင်း၌ မိုးမပြတ်သည့်အတွက် ရေပြန်တိုးခဲ့ရာ သီတင်းကျွတ် ရေတိုးချိန်သည် ချင်းတွင်းမြစ်၏ နောက်ဆုံးရေတိုးချိန်ဖြစ်ပြီး အောက်တိုဘာတတိယပတ်မှစ၍ ရေပြန်လည်ကျဆင်းသွားသည့်အနေဖြင့် မြစ်ကမ်းနံဘေးရှိ ပုရစ်များ စတင် တိုးထွက်လာခြင်းသည် အထက်ချင်းတွင်း၌ မိုးကုန်သည့်လက္ခဏာဖြစ်ကြောင်း ချင်းတွင်းမြစ်အတွင်း ဝါးဖောင်လုပ်ငန်းဖြင့် အသက်မွေးနေသော ထမံသီ စံပြရွာမှ ဖောင်ဦးစီး ဦးမြမောင်က ပြောကြားသည်။

ချင်းတွင်းမြစ် တစ်လျှောက် မိုးရာသီ ရေပြည့်ချိန် သစ်ဖောင်၊ ဝါးဖောင်တို့ အများဆုံးစုန်ဆင်းကြပြီး ဖောင်းပြင်မြို့အထက် ထမံသီအပါအဝင် ခန္တီးနယ်အဆုံး ဝါးအများဆုံး ထွက်ရှိသောကြောင့် ရေကြောင်းကောင်းသည့် မိုးရာသီတွင် ဝါးဖောင်များကို အများဆုံးတွေ့ရှိရခြင်းဖြစ်သည်။ မြစ်ကြောင်း တစ်လျှောက် ထွက်ရှိသော ဝါးများသည် မြန်မာပြည်အလယ်ပိုင်း ဒေသရှိ ပြည်သူတို့အတွက် အိမ်ဆောက်လုပ်ခြင်းနှင့် ဝါးနှင့်ပတ်သက်သော ပစ္စည်းများ ထုတ်လုပ်ရာ၌ ထဲထဲဝင်ဝင် သုံးစွဲလာသည်မှာ ချင်းတွင်းမြစ်ကြီး ပေါက်ဖွားလာစဉ်မှ ယနေ့အချိန်အထိ လက်ဆင့်ကမ်း အမွေပင်ဖြစ်သည်။

ကလေးဝအောက်လမ်း၌ တစ်ပင်ဝါး၊ မျှင်ဝါး၊ တင်းဝါးထွက်ရှိ၍ ဖောင်းပြင်အောက်ဘက်တွင် မျှင်ဝါးထွက်ရှိကာ ခန္တီးနယ်၌ မဲတင်းခါးဝါး၊ လေးဝါး၊ ဝါးနက်၊ ဝါးပိုး၊ ဝါးနီပါးနှင့် ဟုမ္မလင်းမြို့အထက်ဘက်တွင် မဲတင်းခါးဝါး အထွက်များသည်ကိုတွေ့ရသည်။ ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် မျှင်ဝါး၊ တင်းဝါး၊ သိုက်ဝါး၊ တစ်ပင်ဝါး၊ မဲတင်းခါး၊ ဝါးနီ၊ ဝါးနက်၊ မျက်ဆန်ကျယ်၊ ဝါးပိုး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ ရွှေဝါး၊ ဝါးသပိတ်၊ လေးဝါး၊ ဝါးနွယ်၊ ဝါးခါးတို့ထွက်ရှိပြီး မြန်မာနိုင်ငံ၏ သစ်တောထွက်ရတနာသိုက်များ စုဝေးရာနေရာလည်းဖြစ်သည်။ ချင်းတွင်းဝါးများသည် မုံရွာမြို့မှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်းသို့ ဈေးကွက်ဝင်လျက်ရှိပြီး ရာသီမရွေး ထွက်ရှိတတ်ကာ တပို့တွဲလပြည့်ကျော်ပါက ရောင်းတမ်းဝင်ဝါးများအဖြစ် ခုတ်ယူနိုင်ပြီဖြစ်သည်။ မုံရွာ၌ ဝါးဈေးကွက်ကောင်းသောအချိန်သည် သီတင်းကျွတ်ကာလဖြစ်ပြီး ဝါးကုန်သည်များ ဝင်ငွေကောင်းသောအချိန်ဖြစ်သောကြောင့် အထက်ချင်းတွင်း၌ ဝါးများ အပြိုင်အဆိုင်ခုတ်ယူကာ သီတင်းကျွတ်အမီ မုံရွာ၊ အလုံသို့ တစ်ပတ် ဆယ်ရက်အတွင်း စုန်ဆင်းတတ်ကြသည်။

ဝါးဖောင်တစ်ဖောင်အတွက် ဝါးငါးထောင်မှ တစ်သောင်းအထိ ခုတ်ယူတတ်ကြပြီး အလုံးရေ တစ်သောင်းခွဲအထိတင်ဆောင်သော ဖောင်များလည်းရှိသည်။ ဝါးဖောင်တွင် ဖောင်ကိုင် အပါအဝင် ဖောင်သမားသုံးဦးမှ ငါးဦးအထိရှိတတ်ပြီး ဖောင်ကိုင်ဦးစီးအတွက် တစ်ခေါက်လျှင် ငွေကျပ် နှစ်သိန်းခွဲနှင့် ဖောင်သမားအတွက် ငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရသည်။ ဝါးတစ်လုံး ခုတ်ခ ငွေကျပ် ၅၀ နှင့် မြစ်ဆိပ်သို့ သယ်ပို့ခ ငွေကျပ် ၅၀ ဖြစ်သောကြောင့် ဝါးတစ်လုံးလျှင် ကျပ်တစ်ရာ ကုန်ကျ၏။

ဆောင်းပါး

သော်တာ(နမ့်စန်)

ခန္တီးနှင့် ဟုမ္မလင်းကြားရှိ ဝါးဖောင်များသည် မျှောစာပါမစ်ကို ခန္တီးမြို့သို့ ဆန်တက်၍ ပြုလုပ်ခြင်းထက် ရေစုန်မျှောဆင်းကာ ဟုမ္မလင်းမြို့၌သာ ပြုလုပ်တတ်ကြသည်။ ဝါးဖောင်များသည် မုံရွာ မရောက်မီ ကြားဂိတ်များ၌ ငွေကျပ်နှစ်ထောင်မှ သောင်းဂဏန်း အထိ ပေးရသောကြောင့် ဝါးတစ်သောင်းခွဲ တင်ဆောင်ပါက တစ်သောင်းဖိုးသာမျှောပါမစ်ပြုလုပ်၍ ဂိတ် ၅၀ ခန့်ကို ဖြေရှင်းကြကြောင်း ဟုမ္မလင်းမြို့သို့ တက်၍ ပါမစ်ပြုလုပ်သော မင်းဆင်ရွာသား ဖောင်ဦးစီးကရှင်းပြသည်။ ဝါးဖောင်တစ်ဖောင်အတွက် ငွေကျပ် သိန်း ၅၀ ခန့်ရင်းရပြီး အရင်းအတိုင်း အမြတ်ကျန်တတ်သလို ဝါးရှား၊ ဝါးခုတ်ရာ၌ အချိန်ကြန့်ကြာပြီး မုံရွာတွင် ဝါးဈေးကျချိန်နှင့် တိုက်ဆိုင်ပါက အရှုံးနှင့် ရင်ဆိုင်ရတတ်ကြောင်း အဆိုပါဖောင်ဦးစီးက ဆက်လက်ရှင်းပြသည်။

မဲတင်းခါးဝါးသည် အတောင် ၆၀ အထိ ရှည်ပြီး အိမ်ထရံ၊ ဝါးကတ်၊ အမွှေးတိုင်၊ အိမ်အမိုးအဖြစ် အညာဒေသတွင် အသုံးပြုကြသည်။ တစ်ပင်ဝါးသည်လည်း ထို့အတူပင်ဖြစ်သည်။ ဝါးပိုး၊ လေးဝါးသည် မြန်မာတစ်ပြည်လုံး သုံးစွဲသည့် အမွှေးတိုင်အတွက် မရှိမဖြစ် လိုအပ်သော ဝါးအမျိုးအစားဖြစ်ပြီး ဝါးပိုးဝါးကို ခန္တီးမြို့အနီးရှိ နာဂနှင့် ချင်းတိုင်းရင်းသားတို့ အိမ်ကြမ်းခင်းအဖြစ် အသုံးများလျက် အုန်းခွံဖြင့် တိုက်ထားသောကြောင့် ကြမ်းခင်းသည် ပြောင်လက် တောက်ပနေတတ်၏။ မျှင်ဝါးကို အိမ် အခြင်တိုင်၊ ထန်းတက်လှေကားအဖြစ် အသုံးပြုကြပြီး သံရိုက်၍ အသုံးပြုနိုင်သောကြောင့် သုံးစွဲမှုများခြင်းဖြစ်သည်။ တင်းဝါးကို ဖျာ၊ တောင်းရက်ရာတွင် တွင်ကျယ်စွာ အသုံးပြုကြသည်။ ဝါးအမျိုးအစားထဲတွင် ဈေးအနည်းဆုံးဖြစ်သော မျက်ဆန်ကျယ်ဝါးသည် အဆစ် မာသောကြောင့် အထက်ချင်းတွင်း၌ တွေ့ရသော ဝါးအိမ်များဖောင်ဖွဲ့နေထိုင်ရာ၌ တွေ့ရှိရခြင်းဖြစ်သည်။ ဈေးအကောင်းဆုံးဝါးမှာ မဲတင်းခါးဝါးဖြစ်ပြီး တစ်လုံးလျှင် ငွေကျပ် ၄၅၀ မှ ၅၀၀အထိ ဈေးရှိပြီး အထက်ချင်းတွင်း ရွှေမျော တိုက်ရာတွင် သုံးစွဲသော ဝါးပိုးဝါးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ အထိ ဈေးပေါက်၍ လေးဝါးတစ်လုံးသည် ငွေကျပ် ၈၀၀ မှ ၁၀၀၀ အထိ ဈေးရှိသည်။ မုံရွာ ဝါးဈေးကွက်၌ မဲတင်းခါး၊ မျှင်ဝါး၊ လေးဝါးသာ အရောင်းအဝယ်သွက်သည့် အတွက် ချင်းတွင်းအထက်ပိုင်းရှိ ဝါးခြံပိုင်ရှင်များ စိုက်ပျိုးထားသည့် ဝါးများတွင် အဆိုပါဝါးများက နေရာယူထားခြင်းဖြစ်သည်။

ယောကျ်ားဖောင်စီး မိန်းမမီးနေ ဟူသော ရှေးစကားသည် လွန်စွာပင်မှန်၏။ ချင်းတွင်းမြစ်အတွင်း ဝဲပေါင်း ၁၅ နေရာခန့်ရှိပြီး နာမည်ကြီးဝဲများသည် ဖောင်ကိုဒေါင်လိုက်ရေအောက်သို့ဆွဲယူသွားတတ်သောကြောင့် အချို့ဖောင်များသည် လူအားအပြင် စက်အားကိုပါ အသုံးပြုလာကြရသည်။ ချင်းတွင်းအထက်ပိုင်း၌ ပေဝဲ၊ အောက်ဘက်တွင် ရွှေဝဲနှင့် ဟုမ္မလင်းနှင့်ခန္တီးကြား၌ ဝက်သိုက်ဝဲတို့ နာမည်ကြီးသောကြောင့် 'အထက်မှာ ပေ၊ အောက်မှာ ရွှေ၊ အလယ်ဝက်သိုက် မျက်ဖြူဆိုက်' ဟု ဖောင်သမားအချင်းချင်း သတိပေးစာချိုးရသည်အထိ ချင်းတွင်းမြစ်သည် ဖောင်သမားတို့အတွက် အသက်အန္တရာယ် နီးကပ်နေသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည်။ သလ္လာဝတီခေါ် ချင်းတွင်းမြစ်ကြီးသည် တသွင်သွင်စီးဆင်းလျက် တဖြည်းဖြည်း မြစ်ရေကျဆင်းမှုနှင့်အတူ မိုးကုန်သည့် သင်္ကေတအဖြစ် မြစ်ကမ်းတစ်လျှောက် ပုရစ်တူးသူတို့ဖြင့် စည်ကားလျက်ရှိသည်။

ကျောက်စိမ်း၊ ရွှေ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိရာ မြန်မာပြည်မြောက်ဖျားမှ စီးဆင်းလာသော ချင်းတွင်းမြစ်သည် သစ်၊ ဝါး၊ တောထွက်ပရဆေးမျိုးစုံတို့ကို ပြည်သူတို့လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးလျက်ရှိပြီး ဝါးမျိုးစုံပေါက်ပွားထွက်ရှိရန် ပံ့ပိုးကူညီလျက်ရှိသည်။ ချင်းတွင်းမြစ်တစ်လျှောက် တောတောင်များ စိမ်းလန်းစိုပြည်မှသာ ဝါးတောများရစ်ဆိုင်းနေမည်ဖြစ်သောကြောင့် သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းကာကွယ်ရန်မှာ ပြည်သူတစ်ရပ်လုံး၏ တာဝန်သာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဖေါင်းပါးနှင့် မှုခင်း

ကိုးသိန်းကျော်ဖိုး အခိုးခံရမှု တောင်တွင်းကြီးမြို့၌ ဖြစ်ပွား

မကွေး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီးမြို့မရဲစခန်း၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်အကွာ ရွှေအိုး(၂)ရပ်ကွက် ကန်တော်မင်ကျောင်းလမ်းဆန်ပွဲရုံတစ်ရုံတွင်ခိုးမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၂၅ ရက် ညတွင် ဦးသန်းဦး၏ ဇနီးဖြစ်သူ ဒေါ်နန်းရွှေနှင့် သားမောင်ဖြိုးသက်ခိုင်၊ မောင်မျိုးသက်ပိုင်တို့မှာ အိမ်အပေါ်ထပ်တွင်အိပ်ကြပြီး ဦးသန်းဦးမှာ နံနက် ၁ နာရီခန့်တွင် အိမ်နှင့်တွဲလျက် မီးဖိုချောင်အတွင်း၌အိပ်ကြောင်း၊ အိမ်အောက်ထပ်တွင် ပွဲရုံဖွင့်၍ ဆန်အရောင်းအဝယ်လုပ်ကြောင်း၊ ဒီဇင်ဘာ ၂၆ ရက် နံနက် ၄ နာရီတွင် ဦးသန်းဦးသည် အိပ်ရာမှထ၍ နံနက် ၅ နာရီတွင် လမ်းလျှောက်ရန် ပြင်ဆင်စဉ် အိမ်အောက်ထပ်ရှိ စားပွဲနှစ်လုံးမှာ အံဆွဲနှင့်ဘောက်များ ပွင့်နေသည်ကိုတွေ့ရကြောင်း၊ လူဝင်သည်ဟုသံသယရှိ၍ အိမ်တံခါးများကို စစ်ဆေးရာ အိမ်ရှေ့တံခါးများမပွင့်ဘဲ အိမ်အောက်ရှိနောက်ဖေးတံခါးမကြီးနှင့် အိမ်နောက်ဖေးဆန်ထားသည့်တံခါးမကြီးများပွင့်နေသည်ကို တွေ့ရကြောင်း၊ စားပွဲအံဆွဲနှင့် ဘောက်များကို စစ်ဆေးရာ စားပွဲကြီးဘောက်အတွင်းရှိဟန်းဘက်အိတ်ထဲမှ ငွေကျပ် လေးသိန်း၊ ပိုက်ဆံအိတ်အသေးအတွင်းမှ ငွေကျပ်နှစ်သိန်း၊ ဘောက်အတွင်းမှ ငွေကျပ် နှစ်သိန်းခြောက်သောင်း၊ ဟန်းဘက် အိတ်အတွင်းမှ မော်တော်ယာဉ်အမှတ် ၁က/----- ၏ ယာဉ်လိုင်စင်စာအုပ်နှင့် ပရိမီယမ်စာအုပ်၊ စားပွဲအသေးအံဆွဲအတွင်းမှ ငွေကျပ် လေးသောင်း၊ အိမ်အောက်ထပ်တွင် ချိတ်ထားသော ဖီးဂျာကင်အင်္ကျီအတွင်းမှ ငွေကျပ် သုံးသောင်း စုစုပေါင်းငွေကျပ် ကိုးသိန်းသုံးသောင်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် မိသားစုကိုပြောပြခဲ့ကြောင်း၊ အိမ်နောက်ခြံစည်းရိုးကို ရှစ်ပေသွပ်ဖြင့် သံရိုက်၍ ကာရံထားရာ သွပ်တစ်ချပ်ခေါက်နေသည်ကို တွေ့ရသဖြင့် အိမ်အတွင်းမှ ငွေနှင့်ပစ္စည်းခိုးယူသူများကို စုံစမ်းအရေးယူပေးပါရန် ဦးသန်းဦးက ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်တွင်းကြီးမြို့မရဲစခန်းသို့ တရားလိုပြုလုပ် တိုင်တန်းခဲ့မှုဖြစ်သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး အမှုစစ်ဒုရဲအုပ်ဉာဏ်ထွန်းက တရားခံအမြန်ဆုံးဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်းရမိရေးအတွက် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟသာ်(တောင်တွင်းကြီး)**

လိုင်စင်မဲ့ဆိုင်ကယ် ဖမ်းဆီးတရားစွဲဆို

ပဲခူး ဒီဇင်ဘာ ၃၁

ပဲခူးမြို့နယ် ဘုရားကြီးရဲစခန်း၏ (ပ) ၁၈၉/၂၀၁၂ ပြစ်မှုပုဒ်မ ၃၇၇/ ၃၃၈ အမှုမှတရားခံ ဝင်းမင်းဇော် စီးနင်း မောင်းနှင်သော အနက်ရောင်လော့ဂျာ အမျိုးအစား ဆိုင်ကယ်မှာ ကညနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိကြောင်း ဒီဇင်ဘာ ၂၀ ရက်က စိစစ်တွေ့ရှိရသဖြင့် ဘုရားကြီးရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။ ဆိုင်ကယ် လိုင်စင် တရားဝင်ပြုလုပ်ပေးသည့်ကာလ ကုန်ဆုံးပြီးနောက် ရိုးရိုးသာမန်လမ်းပေါ်တွင် မောင်းနှင်နေသော ဆိုင်ကယ်များကို လိုင်စင်ရှိ မရှိ စစ်ဆေးခြင်း မပြုသေးသော်လည်း ယာဉ်မတော်တဆမှု ဖြစ်၍ အရေးယူရသည့် ဆိုင်ကယ်များကိုမူ လိုင်စင်မရှိကြောင်း စိစစ်တွေ့ရှိရပါက တရားစွဲဆိုမှုများ ယခင်ကထက် ပိုမိုပြုလုပ်လာကြောင်း တွေ့ရှိရသည်။ **(သန့်စင်)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ဗန်းမော် ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် ဗန်းမော်မြို့မှ ငါးမိုင်စီအင်ကျေးရွာလမ်းဆုံတွင် ဆိုင်ကယ် စီးလာသူ အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်(အထူး) မြို့ပေါ် လှုပ်ရှားမှုဒုရဲအုပ်အောင်ကိုနိုင်ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ငါးမိုင်စီအင်ရွာလယ်လမ်းနှင့် မိုးမောက်တောလမ်းသွားလမ်းဆုံတွင် ရှောင်တခင်လမ်းကြောပိတ်ဆို့လျက် မိုးမောက်ဘက်မှ ကမ်ဘို ၁၂၅ အနက်ရောင် ဆိုင်ကယ်စီးလာသူ ကိုယုမောင်အား ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ဖရိန်အတွင်းတွင် အပြာရောင် ကပ်ခွာအိတ်ဖြင့် ထည့်ထားလျက် 88 စာတန်းပါနှင့် တစ်ဖက်၌ 1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ငါးထုပ်၊ ၁၈၀ ပြားပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀(၁၁၈) ဂရမ် ဖမ်းဆီးရမိသဖြင့် ကိုယုမောင် ၃၅ နှစ် (ဘ)ဦးမြင့်သိန်း အမှတ်(၇၁) အောင်ဇေယျရပ်ကွက် အင်းတော်မြို့နယ်နေသူအား ဗန်းမော်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆီးမီးခုံ-နန်းရီ)**

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ဘိလပ်မြေစက်ရုံများအတွက် ဂေါ်ဒန်ကျောက်သယ်ယူရန်

တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃၁) အကြီးစားစက်ရုံ(သရက်)၊ အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)နှင့် အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)တို့အတွက် လိုအပ်သော ဂေါ်ဒန်ကျောက်များအား သီပေါမိုင်းဝမှ အဆိုပါစက်ရုံများသို့ သယ်ယူရေးလုပ်ငန်းအတွက် တင်ဒါပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်-၁၁-၁-၂၀၁၃ ရက်

၂။ သတ်မှတ်တင်ဒါပုံစံများကို ရုံးချိန်အတွင်း လာရောက်ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊
နေပြည်တော်၊ ရုံးအမှတ် (၄၁)၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၄၀၈၂၀၈

တင်ဒါခေါ်ယူခြင်း

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်
(က)	Stainless Steel SUS 304(0.6mm)	(15) Tons	၉-၁-၂၀၁၃ရက် ၁၆:၀၀နာရီထိ
(ခ)	Stainless Steel SUS 316L(0.6mm)	(2) Tons	။
(ဂ)	Stainless Steel SUS 304(1.0mm)	(16) Tons	။
(ဃ)	Ø3" ရော်ဘာဘီးလုံး	(8000) Nos	။

(၄၈)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ **ဝဏ္ဏကျော်ထင်ဦးလှမြင့်ဦး** (ပြည်သူ့လွှတ်တော်)နှင့် ချစ်မေမေ **ဒေါ်အေးအေးမြင့်**တို့၏ ၁-၁-၂၀၁၃ရက်တွင် ကျရောက်သော (၄၈)နှစ်ပြည့် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်စွာသော သားသမီး၊ မြေးများနှင့် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ အမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ-
ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင်(ငြိမ်း)(ပို့ဆောင်ရေး)၊ ဒေါ်စန္ဒာဦး
ဒေါက်တာဥမ္မာဦး၊ ရန်ကုန်တက္ကသိုလ်
ဦးနေလင်းဦး ကုလသမဂ္ဂ(ESCAP)၊ ဒေါ်ဖြူသွယ်မော်
ချစ်မြေးကလေး-ဖွဲ့စည်သူဦး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၀၀/ခ၊ မြေကွက်တည်နေရာအမှတ် ၂၀၀/ခ၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကိုကိုနိုင်၊ ဒေါ်ဝင်းကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းကြည်မှ ဦးကိုကိုနိုင်ကို တရားပြိုင်ထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၆၄/၂၀၁၂) လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် တောင်ဥက္ကလာပမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် (၅၃/၂၀၁၂) တစ်ဦးတည်းပိုင်မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ရာ အနိုင်ရရှိခဲ့သူ ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်)၀၃၂၇၂၄က တရားရုံးအနိုင်ဒီကရီများနှင့် ကျမ်းကျိန်လွှာကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့ဆုတောင်း

နှင်းအိအိသွယ်(ခ)ဇင်မာထွန်း၏ ၁-၁-၂၀၁၃ ရက်တွင် ကျရောက်သော (၂၈)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သူငယ်ချင်းများနှင့် ပျော်ရွှင်စွာဖြင့် လုပ်ငန်းများကို အတူတကွ လက်တွဲ၍ အောင်မြင်သောဘဝ ပန်းတိုင်ဆီလျှောက်လှမ်းနိုင်သူ တစ်ယောက်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းပါသည်။

အေး+ထား+မေ+မွန်
ဇင်+စု+စင်+နှင်း+အိမ့်+ပို

မလေးရှား ခရီးစဉ်

ဇန်နဝါရီ ၁၇ - ၂၁
လေးညအိပ် ငါးရက်

-(Air Asia)
-Genting Highlands
-(3 Star Hotel)

MANDALAR CHARM TRAVELS & TOURS
E-mail : mandalarcharm@gmail.com

ကြော်ငြာ

MHR

Developing People . Shaping Future

HUMAN RESOURCES INSTITUTE

၂၀၁၃ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ

MHR တွင် မေတ္တာစေတနာအပြည့်ဖြင့် သင်ကြားပို့ချလျက်ရှိသော အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၊ အငြိမ်းစားကထိက ဆရာကြီးဦးသိန်းအောင်၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီးဒေါ်လှမြင့်၊ အငြိမ်းစားဒုတိယပါမောက္ခချုပ် ဆရာကြီးဦးလှမင်း တို့ဦးဆောင်သော ဆရာ/ဆရာမများ၊ MHR ၏ Clients များဖြစ်ကြသည့်ကုမ္ပဏီများမှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များမှလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ MDRI/CSIS ၏ Postgraduate Certificate in Peace Democracy and Development သင်တန်းအပတ်စဉ် (၁) နှင့် အပတ်စဉ် (၂)မှ ဆရာ/ဆရာမများ၊ သင်တန်းဆင်းကျောင်းသား/ကျောင်းသူများ ၊ MHR ၏ ကျောင်းသား/ကျောင်းသူများကမ္ဘာ့နိုင်ငံအသီးသီးသို့ ဘွဲ့လွန်ပညာရပ်များဆက်လက်ဆည်းပူးရာတွင် ပညာသင်ဆုများရရှိအောင် အထူးကြိုးစားစီစဉ်ပေးသော ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းနှင့်တကွ Crown Education မှ အဖွဲ့သားများ၊ ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်ကြပြီး မှတ်တမ်းတင်သတင်းများ ရိုက်ကူးထုတ်လွှင့်ပေးကြသော ဦးမျိုးမြတ်သူ၊ ဦးနိုင်သန်းနှင့် MRTV 4 အဖွဲ့သားများ၊ Sky Net အဖွဲ့သားများ၊ မြဝတီအဖွဲ့သားများ၊ ကြော်ငြာဆိုင်ရာကိစ္စများတွင် မညည်းမညူ စိတ်ရှည်သည်းခံစွာဆောင်ရွက်ပေးပြီး ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်သတင်းယူခဲ့ကြသော People မဂ္ဂဇင်း၊ ကြော်ငြာလမ်းညွှန်မဂ္ဂဇင်း၊ မြန်မာ့ဓနမဂ္ဂဇင်း၊ Faces မဂ္ဂဇင်း၊ မြင်ကွင်း မဂ္ဂဇင်း၊ Life Style မဂ္ဂဇင်း၊ CEO မဂ္ဂဇင်း၊ Fashion Image မဂ္ဂဇင်း၊ Idea မဂ္ဂဇင်း၊ The Myanmar Times၊ The Yangon Times ဂျာနယ်၊ Weekly Eleven ဂျာနယ်၊ Flower News ဂျာနယ်၊ The Voice ဂျာနယ်၊ မော်ဒန်ဂျာနယ်၊ Internet ဂျာနယ်၊ 7 Days ဂျာနယ်၊လျှပ်တစ်ပြက်ဂျာနယ်၊HR ဂျာနယ်၊ အခွင့်အလမ်းဂျာနယ်၊ 8 Days ဂျာနယ်၊ The Wall Street ဂျာနယ်၊ Yellow Pages, Myanmar Industrial & Commmercial Directory, Education Directory များမှ အယ်ဒီတာချုပ်များ၊ ဒုတိယအယ်ဒီတာချုပ်များ၊ တာဝန်ခံအယ်ဒီတာများနှင့် အယ်ဒီတာများ၊ သတင်းထောက်များ၊ ကြော်ငြာအဖွဲ့သားများ၊ Perfect Image၊ လှထုမေတ္တာမိတ္တူ၊ ဇော်မိတ္တူ၊ Royal Express၊ Crystal Image၊ Stars Empire အဖွဲ့သားများ၊ UMFCCI နှင့် CIESF (Cambodia) အဖွဲ့တို့ ပူးပေါင်းစစ်ဆေးသော ဒုတိယအကြိမ်မြောက် National Level Business Plan (2012) ပြိုင်ပွဲတွင်လည်းကောင်း၊ Mulodo (Japan) နှင့် Success Language Centre တို့ပူးပေါင်းကျင်းပသော Business Plan ပြိုင်ပွဲတွင်လည်းကောင်း ပထမဆုများရရှိသော MHR ၏ ABE Graduate Diploma in Businesss Management အတန်းမှ ကိုနေလင်းအောင်၊ ကိုစိုးမိုးဦး၊ မသန့်သဇင် ၊ European Union နှင့် SPA တို့ပူးပေါင်းကျင်းပသော Project Hub Yangon Start Up Cup ပြိုင်ပွဲတွင် ပထမဆုရရှိကြသော MHR ၏ ABE Higher Diploma in Businesss Management Part II အတန်းမှ မဇင်ဇင်နိုင်၊ မအေးအေးချို ၊ မငုဝါအောင်၊ မောင်စွမ်းထက်နောင်၊ အထူးဆုရရှိကြသော ကိုအောင်ပြည့်စုံ၊ ကိုမင်းသိန်းကျော် ၊ ကိုကောင်းအိန္ဒိုး၊ ကိုဟိန်းစိုးလှိုင်၊ မနန်းဇာရည်လွင်၊ မဝတီမိုးစက်၊ MHR ၏ ABE သင်တန်းသား/သင်တန်းသူများကို စိတ်ရှည်သည်းခံစွာ လိုအပ်သမျှ မညည်းမညူကူညီဆောင်ရွက်ပေးကြသော British Council မှ မန်နေဂျာဒေါ်တင်ဝင်းကြည် ဦးဆောင်သော Exam Unit အဖွဲ့သားများ ၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်(၂၉)ဦး ၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များနှစ်စဉ်ပေါ်ထွက်လာအောင် အထောက်အကူပေးကြသော Course Manager များ၊ Study Guide များ ၊ MHR ၏ သင်တန်းအသီးသီးတွင် တက်ရောက်ခဲ့ကြသောသင်တန်းဆင်းများ၊ လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသား/သင်တန်းသူများနှင့် မြန်မာပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ယခုထက်ပို၍ ထူးချွန်ထက်မြက်အောင်မြင်ကြီးပွားကြပါစေကြောင်း MHR မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

(ABE, UK) International Qualifications (6 months)

1. Business Management Diploma
2. Human Resource Management Diploma
3. Financial Management Diploma
4. Marketing Diploma
5. Travel, Tourism & Hospitality Diploma

Corporate Training Courses (2/3 full days)

1. Leadership Skills
2. Team Building Skills
3. Communication Skills
4. Negotiation Skills
5. Presentation Skills
7. Managing Time
8. Managing Conflict
9. Managing Change
10. Managing Crisis
11. Managing Risk

and many more ...

Public Training Courses (4 / 6 weeks Part Time)

1. Financial Management
2. Marketing Management
3. Human Resource Management
4. Key Account Management
5. Selling & Sales Management
6. Office Management

and many more ...

Management Consultancy Services

1. Development of Rules, Regulation, SOP etc.
2. Development of Corporate Strategy
3. Development of Employee Handbook, Manuals etc.
4. Development of Organisation Structures
5. Development of Job Description, Job Specification
6. HR Department Setup, HR Audit

and many more ...

abe accredited college since 1998

MHR : Room 905, 9th Floor, Thanzay Condo, Lanmadaw Street, Yangon. 395802, 216168, 707822, 095045551

MHR Centre II (LCCI & ACCA) : No. 35, Maupin Street, Sanchaung Township., 09 50 69915, 09 732 23777

MHR Centre III (Practical Accounting & Auditing) Building No. 9, Room 3(B), U Tun Lin Chan St, Heldan. 709836

MHR Centre IV (LCCI & ABE) : No. FC 31/32, 2nd Floor, Great Wall Shopping Centre, Mandalay. 09 91012932

ကြော်ငြာ

ဗန်း ခမ္ဘာ သံယံ ပုဇော်

ရွှေလိုတိုင်းပြည့် ငွေလိုတိုင်းလျှံ®

ရွှေပြည့်ငွေလျှံ ကော်ဖီအမွှေးတိုင်

ကိုထုတ်လုပ်လိုက်ပါပြီ။

မြန်မာပြည်တစ်ပြည်လုံးရှိ ဆိုင်တိုင်းတွင် မေးဝယ်ပူဇော်ပါ။

ရန်ကုန်(ရုံးချုပ်)၀၁-၃၈၂၂၅၅၊ ၀၁-၃၈၃၅၅၅၊ ၀၉-၇၃၁၇၁၃၃၃

Congratulations to the GEO-TECH PILE CO. LTD.

For Being Accredited with ISO 14001:2004 Certificate

မြန်မာနိုင်ငံဆောက်လုပ်ရေးလောကအတွက်လိုအပ်သော အရည်အသွေးမြင့်ပိုင်ချောင်းများကို ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ခြင်းနှင့် ပိုင်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီမံခန့်ခွဲမှု **(Environmental Management System) ISO 14001:2004**အား အင်္ဂလန်နိုင်ငံ (United Kingdom Accreditation Service) မှ ချီးမြှင့်ခြင်းအား ထိုက်ထိုက်တန်တန် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် Piling ပညာရှင် နှင့် **GEO-TECH PILE CO. LTD.**မှ ပညာရှင်များနှင့် ဝန်ထမ်းများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

NAING Group Capital Co. Ltd.
NAING Group Construction Co. Ltd.
Champion Construction Co. Ltd.
Myanmar New Generation Design Co. Ltd.
Champion Construction Materials Co. Ltd.
NAING Group Realty Co. Ltd.
NAING Family Co. Ltd. (Cherry Oo)
Lucky O_2 Oxygen & Argon Gas Plant Co. Ltd.
Lucky Concrete Precast Products Manufacturing Co. Ltd.
Grand Paradise Landscape Co. Ltd.

အမည်ပြောင်း

ဦးသူရိန်ဝင်းနှင့် ဒေါ်ဆွေဇင်ထွန်းတို့၏သမီး ကျိုင်းတုံမြို့၊ အထက(၄) သူငယ်တန်း(က)တွင် ပညာသင်ကြားနေသော မနှင်းတွယ်တာဦးကို မဖူးပွင့်ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဖူးပွင့်ခိုင်

ကျိုက်ထီးရိုး (နေပြည်) OASIS ချောင်းသာ (နေပြည်)

အိမ်အရောက်လာကြိုပို့ ဝန်ဆောင်မှု

09 503 8618, 09 5012452, 09 7310 3031

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၀၁၊ မြေကွက်တည်နေရာအမှတ် ၂၀၁၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကိုကိုနိုင်၊ ဒေါ်ဝင်းကြည် အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းကြည်က ဦးကိုကိုနိုင်ကို တရားပြိုင်ထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၆၄/၂၀၁၂)၊လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် တောင်ဥက္ကလာပမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ်(၅၃/၂၀၁၂) တစ်ဦးတည်းပိုင် မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ရရှိခဲ့သူ ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်) ၀၃၂၇၂၄က တရားရုံး အနိုင်ဒီကရီများနှင့် ကျမ်းကျိန်လွှာကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MEIC/MEIS(ကုန်သွယ်ရေး)ဝန်ထမ်းဟောင်းများ(ဆွေမအကြိမ်)

ပြန်လည်ဆုံစည်းခြင်းနှင့် သင်္ကြန်ပူဇော်ပွဲမိတ်ကြားလွှာ

ကျင်းပမည့်နေ့ – ၁၃–၁–၂၀၁၃(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် (၀၉း၃၀)နာရီ
ကျင်းပမည့်နေရာ – နှင်းဆီကုန်းဘိုကွားမိုးသား ဟောလ်မြို့နယ်။

ဆက်သွယ်ရန်

ဦးဝင်းကြည်(MD-ငြိမ်း)	၆၆၄၂၅၆/၀၉-[illegible]
ဦးသောင်းစိန်(MD-ငြိမ်း)	[illegible]
ဦးကိုကိုကြီး(GM-ငြိမ်း)	[illegible]
ဦးသိန်းထွန်း(ညွှန်မှူး-ငြိမ်း)	[illegible]
ဦးခင်စိုး(ဒု-ထွေမှူး-ငြိမ်း)	[illegible]
ဦးကျော်ဝင်း(လ/တညွှန်မှူး-ငြိမ်း)	[illegible]
ဦးတင်အောင်(မန်နေဂျာ-ငြိမ်း)	[illegible]

(မိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

၃၀–၁၁–၂၀၁၂ (သောကြာနေ့)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာအတွဲ-၅၂၊ အမှတ် ၆၁၊ သီးသန့်အချပ်ပိုစာမျက်နှာ(ဃ)တွင် ဦးချွန်ဟရန်းငါ KLO-၀၅၇၀၈၉ စမ်းမြို့ရပ်ကွက်၊ ကလေးမြို့နေသူမှ တစ်ဖက်သတ်ထုတ်ပြန်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဦးချွန်ဟရန်းငါနှင့် အများသိစေရန်

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်နေ ဒေါ်ဒါးနိတ်ကိုင်း KLO-၀၃၃၁၃၂ နှင့် သား မောင်စန်းရာလားရင့်ဆန်းငါ ၅/ကလထ(နိုင်)၁၆၃၅၄၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဒါးနိတ်ကိုင်းနှင့် သား မောင်စန်းရာလားရင့်ဆန်းငါတို့မှာ သတင်းစာတွင် ဦးချွန်ဟရန်းငါ ကြေညာထားသကဲ့သို့ မိမိတို့၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားကြောင်းကြေညာချက်မှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခြင်းလည်း လုံးဝမဟုတ်ပါ။

ဦးချွန်ဟရန်းငါမှ ကျွန်ုပ်၏မိတ်ဆွေ သားအမိအား အကြောင်းအမျိုးမျိုးဖြင့်ရန်ရှာနေပြီး အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် ခြိမ်းခြောက်ပြောဆိုပြုမူနေသဖြင့် နေအိမ်မှဆင်းသွားရခြင်းဖြစ်ကြောင်း ဦးချွန်ဟရန်းငါနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေမျိုး(စဉ်-၈၃၀၉)
တရားလွှတ်တော်ရှေ့နေ
အောင်မြေမာန်ရပ်ကွက်၊ကလေးမြို့

ဒေါ်သင်းသန္တာသွယ်(စဉ်-၂၈၇၃၁)
အထက်တန်းရှေ့နေ
ချမ်းမြေ့အောင်စည်ရပ်ကွက်၊ကလေးမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ဦးလှမြင့်(မင်းကျွန်း)(စဉ် – ၁၃၀၅/၁၉၇၂)
BA(Law),LL.B
တရားလွှတ်တော်ရှေ့နေ

ဦးမျိုးညွန့် (စဉ် – ၅၁၄၂)
LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ

ဦးယဉ်မင်းထက်(စဉ် – ၂၉၈၃၂)
LL.B,C.B.L,B.A.Business(Law)
အထက်တန်းရှေ့နေ

ဒေါ်ဆွေဇင်သော် (စဉ် – ၂၆၀၃၀)
LL.B,LL.M, M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေ

"နိုင်ငံ့ခွန်အောင်" (အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း

အမှတ်(၁)၊ [illegible] ရန်ကုန်မြို့

ဖုန်း – [illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြင်ဦးလွင်မြို့နယ်တရားရုံး၊ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၉၆

ဒေါ်မေမီကျော်	**နှင့်**	ဦးသောင်းစိန်ပါ-၂
